# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 September 2022 ၁၀၈၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားမှုများအား လေ့လာကြည့်ရှု၊ Rosatom State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၆

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum-2022)ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU)၌ စက်တင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ၊ နားလည်မှုစာချွန်လွှာရေးထိုးပွဲများ၊ တွေ့ဆုံမေးမြန်းမှုများကို ဆောင်ရွက်လျက်ရှိကြပြီး ကဏ္ဍပေါင်းစုံအလိုက် ပြခန်းများလည်း ခင်းကျင်းပြသထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ယနေ့ ဖတ်စရာ

**ရုရှားနိုင်ငံထုတ် လက်နက်အသစ်များကို ကမ္ဘာသို့ ထုတ်ဖော်ပြသလိုက်နိုင်တဲ့ ARMY 2022 အပြည်ပြည်ဆိုင်ရာ စစ်ဘက်နှင့် နည်းပညာဖိုရမ်**

စာမျက်နှာ » ၆



**မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ပြင်ပမှ မမှန်သတင်းဖော်ပြချက်များ ပြန်လည်တုံ့ပြန်ဖြေရှင်း အသိပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ရမည်**

စာမျက်နှာ » ၈

**အချိုးကျကိုယ်စားပြုစနစ် Proportional Representation System (PR) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ**

စာမျက်နှာ » ၁၀

ကြေးမုံ

# လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်စီးပွားရေးမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ ပြည်သူအများစုသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုသို့အသက်မွေးဝမ်းကျောင်းပြုရာ၌ သမားရိုးကျ မိရိုးဖလာလုပ်ကိုင်မှုပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုံမှန်အနေအထားဖြင့် လည်ပတ်နေကြသည်။ ထို့ကြောင့် ကျေးလက်ဒေသလူမှုစီးပွား၊ နိုင်ငံ့စီးပွား ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးတွင် အထောက်အကူပြုစေရန်အတွက် နိုင်ငံတော်အစိုးရက အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးကာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ အမြန်ဆုံးလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးသိပ္ပံသင်တန်းကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့်မွေးမြူရေးဒီပလိုမာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသော်လည်း ထပ်မံလိုအပ်လာမည့် စိုက်ပျိုးမွေးမြူရေးကျွမ်းကျင်သူ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် လာမည့်ပညာသင်နှစ်မှစတင်၍ ဒေသအလိုက် အခြေအနေပေးသော အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းအဆင့်ပညာရေးကို ထည့်သွင်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးပညာသင်ယူကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အထက်တန်းပညာပြီးဆုံးချိန်တွင် ထူးချွန်မှုအလိုက် ဒီပလိုမာသင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းများကို တက်ရောက်ခွင့်ရရှိနိုင်မည်ဖြစ်သကဲ့သို့ တတ်မြောက်သည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကျွမ်းကျင်နိုင်နင်းစွာ လုပ်ကိုင်နိုင်ကြစေရန် ရည်ရွယ်မျှော်မှန်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့ရေးအတွက် ဆန်စပါး၊ ဆီထွက်သီးနှံနေကြာ၊ ချည်မျှင်ရှည်ဝါနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် အသားထုတ်လုပ်မှု တိုးတက်ထုတ်လုပ်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်ရေးနှင့် သီးထပ်ဧရိယာတိုးချဲ့ရေးအတွက် အကျိုးတူကန်ထရိုက်လယ်ယာစနစ် အောင်မြင်ရေးကို သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများတွင် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားခဲ့ကြသည့် ကျွမ်းကျင်သူလူ့စွမ်းအားအရင်းအမြစ်များက တီထွင်ကြံဆနည်းလမ်းရှာဖွေကြိုးပမ်းအားထုတ်မှုများဖြင့် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက် ထွက်ရှိလာမည်ဖြစ်သည်။

ယခုနှစ်တွင် နွေစပါးဧက ၈၅၀၀၀၀ နှင့် ဆောင်းပဲတီစိမ်း ဧက ငါးသိန်းကို တောင်သူများ၏ သွင်းအားစုများတွင် အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ချေးငွေထုတ်ပေးပြီး အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းများတွင် တောင်သူအစုအဖွဲ့များ၊ သွင်းအားစု ကုမ္ပဏီအစုအဖွဲ့များ၊ သီးနှံထွက်ကုန်များကို ပြန်လည်ဝယ်ယူမည့် အကျိုးတူလယ်ယာစနစ်ဆောင်ရွက်မည့် အစုအဖွဲ့များ သုံးဦးသုံးဖလှယ် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများတွင်လည်း မိမိတို့၏ရပ်ရွာ၊ မိသားစုများနှင့်သက်ဆိုင်သည့် စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားဆည်းပူးခဲ့သော လူ့စွမ်းအားအရင်းအမြစ်များက ပါဝင်စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

ဥပမာအားဖြင့် ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ ဟိုပုံး၊ ရပ်စောက်၊ ပင်းတယစသည့်ဒေသများ၌ ရှိပြီးကော်ဖီစိုက်ခင်းများကို အဓိကထားအခြေပြုပြီး အခြားရေမြေရာသီဥတုနှင့် ကိုက်ညီသောဒေသများတွင် ကုန်းမြင့်ကော်ဖီ ဧကနှစ်သိန်းပြည့်အောင် စိုက်ပျိုးသွားမည့်အစီအစဉ်ရှိရာ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးပညာရပ်များ သင်ကြားခဲ့ကြသည့် လူ့စွမ်းအားအရင်းအမြစ်များက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အလားတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မြေပြန့်ကော်ဖီဧက တစ်သိန်း စိုက်ပျိုးသွားရန် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးတွင် အလားတူဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအလိုက် စားရေရိက္ခာပေါများကြွယ်ဝရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့ရေးအတွက် မိမိတို့ကျွမ်းကျင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများနှင့်ဒေသအလိုက် လေ့ကျင့်မွေးထုတ်ပေးထားသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူ လူသားအရင်းအမြစ်များနှင့်အတူ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးလျက်ရှိ

ဇလွန် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကမ်းနားရပ်ကွက်ရှိ သောကြာပတ် ဆွမ်းလောင်းဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီက ပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးခဲ့သည်။

### အခမဲ့ထောက်ပံ့

ဇလွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးရာ ဆင်းသုခဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဆန်အိတ် ၂၀ ကိုလည်းကောင်း၊ ကြက်ဥသုံးလုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥ ၁၅၀၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ ငွေကျပ် ၁၀၀၀၀၀ ဖိုးခန့် အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇလွန် (မြန် / ဆက်)



## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၈၀၀ | ၇,၀၀၆ | ၆၈,၅၃၀,၈၀၀ |
| MTSH | ၄,၀၀၀ | ၃,၇၀၀ | ၃၄,၇၉၂ | ၁၃၄,၉၇၄,၈၀၀ |
| MCB | ၇,၉၀၀ | ၈,၀၀၀ | ၂၀၁ | ၁,၆၀၇,၉၀၀ |
| FPB | ၂၀,၀၀၀ | ၂၁,၀၀၀ | ၂,၁၇၆ | ၄၄,၈၉၁,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၆၀၀ | ၁,၄၉၇ | ၃,၈၉၁,၂၀၀ |
| EFR | ၂,၈၀၀ | ၂,၈၅၀ | ၁,၈၉၁ | ၅,၃၃၉,၄၅၀ |
| AMATA | ၅,၁၀၀ | ၅,၂၀၀ | ၇၂၀ | ၃,၇၄၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၉၀.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၅၃၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၆.၆၇ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၁၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၄.၅ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၅.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၂.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၂.၆၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations တို့အကြား သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့ဝင်များက ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုလေ့လာကြသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RZD Russian Railways ကုမ္ပဏီပြခန်းသို့ ရောက်ရှိကြရာ ပြခန်းတာဝန်ခံများက မီးရထားလမ်းကြောင်း နည်းပညာများနှင့် ဝန်ဆောင်မှုပေးနိုင်သည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး Rus Hydro Hydroelectric power generation company ပြခန်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ VEB.RF Investment company ပြခန်း၊ Aeroflot Airline ပြခန်းတို့သို့ ရောက်ရှိလေ့လာခဲ့ရာ ပြခန်းများအလိုက် တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ်ကို အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachev၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့်အဖွဲ့ဝင်များအား FEFU Campus အတွင်းတွေ့ဆုံ၍ နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် အတွေ့အကြုံနှင့် နည်းပညာများကို လေ့လာခွင့်ရရှိနိုင်မည့် အခြေအနေများနှင့် နှစ်နိုင်ငံပြည်သူလူထု အကျိုးရှိစေနိုင်မည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုဘဝ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းစွာအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုအတွက်လုပ်ငန်းစဉ်များ (Road Map) ချမှတ်ဆောင်ရွက်မည့်အစီအစဉ်များ၊ နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းအပါအဝင် သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာ အသုံးပြုဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

## လက်မှတ်ရေးထိုး

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations တို့အကြား ရေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachev၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီအထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီအထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus အတွင်း၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022)ကို တက်ရောက်နိုင်ရေး ဖိတ်ကြားခဲ့သည့် အခြေအနေများနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိသည့်အခြေအနေများ၊ လာမည့်နှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံမှု ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား၊ တပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်းပီသစွာဖြင့် ဆက်ဆံရေးကောင်းများကို တည်ဆောက်နိုင်ခဲ့သည့် အခြေအနေများ၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အရပ်ဘက်ဆက်ဆံရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍတို့တွင်လည်း ခိုင်မာသည့် ဆက်ဆံရေးသမိုင်းကောင်းကို တည်ဆောက်နိုင်ခဲ့သည့် အခြေအနေများ၊ ရုရှား–မြန်မာ မိတ်ဆွေညီအစ်ကိုနိုင်ငံနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသစ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေးတို့အတွက် တိုက်ရိုက်လေကြောင်းလိုင်းများပြေးဆွဲရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။




**လက်ဆောင်ပစ္စည်းပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား

**နေပြည်တော် စက်တင်ဘာ ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) ၌ တွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားသည်။

**ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြား**

ထိုသို့ တွေ့ဆုံမေးမြန်းရာတွင် အာရှ–ပစိဖိတ်ဒေသ၏ လုံခြုံရေးဆိုင်ရာ သဘောထားအမြင်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို အစဉ်တစိုက် လေးစားလိုက်နာဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားသိရှိလိုသည်များအား မေးမြန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် မေးမြန်းဖြေကြားမှု အပြည့်အစုံအား ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ယနေ့တွင် သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် ဆွေးနွေးမှုများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်တို့သည် Russia –ASEAN Business Dialogue သို့ တက်ရောက်ခဲ့သည်။

**ပါဝင်ဆွေးနွေး**

အဆိုပါ Business Dialogue၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် ရုရှား–အာဆီယံစီးပွားရေးကောင်စီ ဥက္ကဋ္ဌဖြစ်သူ Mr. Ivan Polyakov က ဦးဆောင်ဆွေးနွေး၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပါဝင်ဆွေးနွေးခဲ့သည်။ ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။




Russia –ASEAN Business Dialogue တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပါဝင်ဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် ရုရှား–အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း Eastern Economic Forum–2022 ၏ Medical Panel Session တွင် ပါဝင်ဆွေးနွေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင် အရာရှိချုပ်နှင့် ရုရှား–အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌဖြစ်သူ Mr. Ivan Polyakov နှင့် အဖွဲ့ကို သီးခြားတွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကြောင်းအရာကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် Eastern Economic Forum–2022 ၏ Medical Panel Session တွင် ပါဝင်တက်ရောက်၍ ကျန်းမာရေးစနစ်တွင် တွေ့ကြုံရသော အခက်အခဲများ၊ ထိုအခက်အခဲများ ကျော်ဖြတ်ရန် ကြိုးပမ်းမှုများ၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အလမ်းများ၊ တိုးတက်လာသော နည်းပညာများကိုသုံး၍ ရောဂါရှာဖွေရေး၊ ကင်ဆာရောဂါများကုသရေး၊ ကူးစက်မြန်ရောဂါများ ထိန်းချုပ်ရေးနှင့် အဆိုပါနည်းပညာများ ဖွံ့ဖြိုးဆဲနိုင်ငံများကို မျှဝေနိုင်မည့် အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် Eastern Economic Forum–2022 ၏ Strategic Technical Alliance တွင် ပါဝင်တက်ရောက်ခဲ့ပြီး ကိုဗစ်–၁၉ အလွန်ကာလ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲသင့်သည့် အချက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Sputnik news agency နှင့် မြဝတီရုပ်မြင်သံကြားတို့အကြား နှစ်ဖက်သဘောတူညီမှုဆိုင်ရာ စာချွန်လွှာ




ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Sputnik news agency နှင့် မြဝတီရုပ်မြင်သံကြားတို့အကြား နှစ်ဖက်သဘောတူညီမှုဆိုင်ရာ စာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးစဉ်။

တစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရုရှားနိုင်ငံထုတ်လက်နက်အသစ်များကို ကမ္ဘာသို့ထုတ်ဖော်ပြသလိုက်နိုင်တဲ့ ARMY 2022 အပြည်ပြည်ဆိုင်ရာ စစ်ဘက်နှင့်နည်းပညာဖိုရမ်

ထက်မြတ်



Rubezh–ME ကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်စနစ်။

(ယမန်နေ့မှအဆက်)

### ခြေလျင်တပ်ဖွဲ့သုံး စစ်လက်နက်ပစ္စည်းများ

အမြင်အားဖြင့်ကြည့်မယ်ဆိုရင်တော့ ARMY 2022 ဖိုရမ်က တင့်တွေကိုပဲ ဦးစားပေးပြသတယ်ဆိုသော်ငြားလည်း တကယ်တမ်းမှာ အမျိုးမျိုးသောသံချပ်ကာယာဉ်တွေကို အကန့်အသတ်ရှိတဲ့နေရာလေးတစ်ခုမှာ ရှားရှားပါးပါးတွေ့မြင်ရတာ ဖြစ်ပါတယ်။

အူရယ်ဗာဂွန်ဇာဗော့က အဆင့်အမြင့်ဆုံးသောသံချပ်ကာယာဉ်ဖြစ်တဲ့ Armata စနစ်ပေါ်မှာ တည်ဆောက်ထားတဲ့ T–14 MBT၊ T–90MS MBT နဲ့ BMPT–72 တင့်ပစ်ကူပေးယာဉ်တို့ကို ARMY 2022 မှာ ထည့်သွင်းပြသခဲ့ပါတယ်။

T–90MS က T–90 အမျိုးအစားထဲမှာ နောက်ဆုံးပေါ်တင့်ဖြစ်ပြီး တာဂေးမြို့မှာထုတ်လုပ်တဲ့ တိုးတက်မှုအရှိဆုံးသော သံချပ်ကာယာဉ်တွေအတွက် နောက်ထပ်စံနမူနာပြတစ်ခု ဖြစ်ပါတယ်။ အဆင့်မြှင့်တင်မှုကိုတော့ အဆင့်အားလုံးမှာ လုပ်ဆောင်ထားတာဖြစ်တဲ့အတွက် T–90MS ကို လုံးဝအသစ်ဖြစ်တဲ့ တိုက်ယာဉ်တစ်စင်းအဖြစ် မှတ်ယူနိုင်ပါတယ်။ သူ့မှာ ဆုံလည်အသစ်၊ အဆင့်မြှင့်တင်ထားတဲ့ စက်စွမ်းအားနဲ့ဂီယာစနစ်တွေအပြင် ကိုယ်ထည်တို့ပါဝင်ကာ သံချပ်ကာအကာအကွယ်ပေးနိုင်မှုကိုလည်း အဆင့်မြှင့်ထားပါတယ်။

သူ့မှာပါဝင်တဲ့ အလိုအလျောက်လက်နက်စခန်းကိုတော့ သေနတ်သမားအတွက် ဘက်ပေါင်းစုံမြင်ရတဲ့မြင်ကွင်းနဲ့ တိုက်ယာဉ်မှူးအတွက်မြင်ကွင်းကျယ်မြင်ကွင်းတို့ကိုလည်း ပေါင်းစပ်တပ်ဆင်ပေးထားပါတယ်။ ဒီအတွက်ကြောင့် တိုက်ယာဉ်မှူးအနေနဲ့ ပတ်ဝန်းကျင်အခြေအနေတွေနဲ့ပတ်သက်ပြီး သတင်းအချက်အလက်များစွာကို ရရှိနိုင်ရုံသာမကဘဲ တိုက်ယာဉ်ရဲ့လက်နက်စနစ်တွေကိုလည်း အကောင်းဆုံးထိန်းချုပ်နိုင်ဦးမှာဖြစ်ပါတယ်။ အလိုအလျောက်လက်နက်စခန်းက အသစ်တည်ဆောက်ထားတဲ့ယာဉ်တွေအပြင် ပြီးခဲ့တဲ့နှစ်တွေမှာ အဆင့်မြှင့်တင်ထုတ်လုပ်ခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေ အဆင့်မြှင့်တင်မှုအတွက်လည်း တပ်ဆင်နိုင်မှာဖြစ်ပါတယ်။

BMPT–72 ကတော့ အနားပေးလိုက်ပြီဖြစ်တဲ့ T–72 တင့်တွေကို စွမ်းဆောင်ရည်မြင့် တိုက်ယာဉ်အဖြစ်ပြောင်းလဲမယ့် စိတ်ကူးအပေါ်မှာ အခြေခံထားတာပါ။ ဒီအတွက်ကြောင့် တစ်ခေတ်တစ်ခါက အများဆုံးထုတ်လုပ်ထားတဲ့ T–72 တင့်တွေကို အသုံးပြုနေတဲ့ နိုင်ငံပေါင်း ၅၀ နီးပါးအနေနဲ့ သူတို့ရဲ့ကြည်းတပ်တွေကို ဈေးကြီးတဲ့သံချပ်ကာယာဉ်အသစ်တွေမဝယ်စေဘဲ ခေတ်အမီဆုံး စွမ်းဆောင်ရည်မြင့်တဲ့၊ လှုပ်ရှားသွားလာနိုင်စွမ်းရှိတဲ့၊ အမြင့်မားဆုံးကာကွယ်မှုကိုပေးနိုင်စွမ်းရှိတဲ့တပ်ဖွဲ့အဖြစ်သို့ အဆင့်မြှင့်တင်ရာမှာ လျင်လျင်မြန်မြန်နဲ့ ကုန်ကျစရိတ်နည်းစွာ ပြောင်းလဲနိုင်မှာပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ပြင်ဆင် ရေးအလုပ်ရုံနဲ့ လိုအပ်တဲ့ပစ္စည်းပစ္စယတွေရှိတယ်ဆိုရင် T–72 တင့်တွေကို BMPT–72 တင့်တွေအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲမှုကို သက်ဆိုင်ရာအိမ်ရှင်နိုင်ငံအတွင်းမှာပင် လုပ်ဆောင်နိုင်ဦးမှာဖြစ်ပါတယ်။

High Precision Systems ကုမ္ပဏီက မြေပြင်နဲ့ ဝေဟင်ပစ်မှတ်တွေကို တိုက်ခိုက်နိုင်ရေးအတွက်ရည်ရွယ်ပြီး လှိုင်းနှုန်းဖိဖျက်မှုကို ခံနိုင်ရည်ရှိတဲ့ လေဆာအလင်းတန်းထိန်းချုပ်ရေးစနစ်ပါ ရွေ့လျားနေ့/ည တိကျပဲ့ထိန်းတာဝေးပစ်ဒုံးကျည်စနစ်ဖြစ်တဲ့ Kornet–EM ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ထိရောက်မှုအကွာအဝေးက ၁၀ ကီလိုမီတာရှိပြီး ပစ်မှတ်နှစ်ခုကို တစ်ပြိုင်နက်တည်းပစ်ခတ်နိုင်ပါတယ်။

ဒ့ါအပြင် အဲဒီကုမ္ပဏီက Planshet–M–IR ရွေ့လျား အလိုအလျောက်ပစ် သေနတ်/ စိန်ပြောင်း/ MRL ပစ်ခတ်မှု ထိန်းချုပ်ရေးစနစ်ကိုလည်း ပြသခဲ့ပါသေးတယ်။ အဲဒီစနစ်က ရုရှားနိုင်ငံထုတ်မောင်းသူမဲ့လေယာဉ်တွေအားလုံးနဲ့ ကိုက်ညီမှုရှိတဲ့စနစ်ဖြစ်ပေမယ့် တခြားထိန်းချုပ်ရေးစနစ်တွေနဲ့လည်း ပေါင်းစပ်နိုင်ပါသေးတယ်။

Kalashnikov Concern ကုမ္ပဏီက တိုက်ပွဲဝင်နဲ့အရပ်ဘက်သုံး နောက်ဆုံးပေါ်လက်နက်ငယ်တွေ၊ ဒုံးကျည်နဲ့ အမြောက်လက်နက်တွေအပြင် အထူးစစ်လက်နက်ပစ္စည်းတွေ၊ မောင်းသူမဲ့လေယာဉ်တွေကို ARMY 2022 မှာ ပါဝင်ပြသခဲ့ပါတယ်။ အဲဒီဖိုရမ်အတွင်းမှာ AK–308 ချေမှုန်းရေးရိုင်ဖယ်၊ Chukavin လက်ဖြောင့်ရိုင်ဖယ်၊ PPK–20 Kalashnikov စက်သေနတ်လေးနဲ့ AK–12 ချေမှုန်းရေးရိုင်ဖယ်အဆင့်မြှင့်ပုံစံတို့အကြောင်းကို တင်ပြခဲ့ပါတယ်။

> ❛တစ်ခေတ်တစ်ခါက အများဆုံးထုတ်လုပ်ထားတဲ့ T-72 တင့်တွေကို အသုံးပြုနေတဲ့ နိုင်ငံပေါင်း ၅၀ နီးပါးအနေနဲ့ သူတို့ရဲ့ကြည်းတပ်တွေကို ဈေးကြီးတဲ့သံချပ်ကာယာဉ်အသစ်တွေမဝယ်စေဘဲ ခေတ်အမီဆုံး စွမ်းဆောင်ရည်မြင့်တဲ့၊ လှုပ်ရှားသွားလာနိုင်စွမ်းရှိတဲ့၊ အမြင့်မားဆုံးကာကွယ်မှုကို ပေးနိုင်စွမ်းရှိတဲ့တပ်ဖွဲ့အဖြစ်သို့ အဆင့်မြှင့်တင်ရာမှာ လျင်လျင်မြန်မြန်နဲ့ ကုန်ကျစရိတ်နည်းစွာ ပြောင်းလဲနိုင်မှာပဲဖြစ်ပါတယ်။ ဒ့ါအပြင် ပြင်ဆင်ရေးအလုပ်ရုံနဲ့ လိုအပ်တဲ့ပစ္စည်းပစ္စယတွေရှိတယ် ဆိုရင် T-72 တင့်တွေကို BMPT-72 တင့်တွေအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲမှုကို သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံအတွင်းမှာပင် လုပ်ဆောင်နိုင်ဦးမှာဖြစ်ပါတယ်❜

ဒီနှစ်ရဲ့စစ်လက်နက်ပစ္စည်းတွေပြပွဲမှာ အဓိကပြသသွားတာတွေကတော့ အထူးတပ်ဖွဲ့တွေအသုံးပြုတဲ့ လက်နက်စနစ်အမျိုးမျိုး ဖြစ်ပါတယ်။ အဲဒီထဲမှာ ကျည်ကာအင်္ကျီနဲ့ ကာကွယ်ထားတဲ့လှုပ်ရှားပစ်မှတ်နဲ့ သံချပ်ကာမဟုတ်တဲ့ယာဉ်ပေါ်ကပစ်မှတ်ကို မီးညွန့်မထွက်၊ အသံမထွက်စေဘဲ ချေမှုန်းနိုင်ဖို့ ဒီဇိုင်းရေးဆွဲထားတဲ့ VSS အထူးထုတ်အသံတိတ်ရိုင်ဖယ်၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့တွေအတွက် သီးသန့်ဒီဇိုင်းရေးဆွဲထားတဲ့ SR.3M အပေါ့စားအဆင့်မြင့်ချေမှုန်းရေးရိုင်ဖယ်၊ မီတာ ၁၀၀ အတွင်းရှိ ကျည်ကာအင်္ကျီ ဒါမှမဟုတ် စစ်သုံးသံမဏိဦးထုပ်ကို ဖောက်ထွင်းမှုနဲ့အတူ လှုပ်ရှားပစ်မှတ်တွေကို ကောင်းစွာချေမှုန်းနိုင်စွမ်းရှိတဲ့ ကမ္ဘာ့အကောင်းဆုံးပစ္စတိုတစ်မျိုးဖြစ်တဲ့ SR.1M၊ Lobaev နဲ့ ORSIS တာဝေးပစ်ရိုင်ဖယ်အမျိုးမျိုးတို့ ပါဝင်ပါတယ်။

Rosoboronexport အနေနဲ့ PTKM–1R စမတ်တင့်ဖျက်မိုင်းကို ထုတ်ဖော်ပြသခဲ့ပါတယ်။ PTKM–1R တင့်ဖျက်မိုင်းက သံချပ်ကာယာဉ်တွေကိုရွေးချယ်ပြီးချေမှုန်းနိုင်စွမ်းရှိပါတယ်။ ဒီလိုရွေးချယ်နိုင်ဖို့အတွက် တခြားသောနည်းလမ်းတွေနဲ့မတူတာက သတ်မှတ်ထားတဲ့ ပတ်ပတ်လည်ရှိ ဆူညံသံတွေနဲ့ မြေပြင်တုန်ခါမှုတွေကို သိရှိခြင်းနည်းလမ်းအသုံးပြုထားတာပါ။

စာမျက်နှာ ၇ သို့ ☆



T–90 တင့်ကား



Sosna




Repellent-Patrol ရွေ့လျားအီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်။



Verba MANPADS

☆ စာမျက်နှာ ၆ မှ

## ရေတပ်သုံးလက်နက်များ

တိုက်ခိုက်ရေးနဲ့ကာကွယ်ရေးစနစ်များအမျိုးမျိုးကိုလည်း ARMY 2022 ရဲ့ရေတပ်သုံး လက်နက်များကဏ္ဍမှာပြသခဲ့ပါတယ်။ အဓိကကတော့ Tactical Missile Weapons ကော်ပိုရေးရှင်းနဲ့ Almaz-Antey ကော်ပိုရေးရှင်းတို့က ထုတ်လုပ်တဲ့လက်နက်တွေဖြစ်ပါတယ်။

KTRV ကတင်ပြတဲ့ UGST ဘက်စုံသုံး ပင်လယ်နက်ပစ်မှတ်တိုက်ခိုက်ရေးတော်ပီဒိုဆိုရင် သူ့ကို ရေငုပ်သင်္ဘောတွေ၊ စစ်သင်္ဘောတွေမှာတပ်ဆင်ထားတဲ့ ၅၃၃ မီလီမီတာ တော်ပီဒိုပစ်လွှတ်ပေါက်ကနေ ပစ်လွှတ်နိုင်ပါတယ်။ UGST တော်ပီဒိုရဲ့သူမတူတဲ့ လုပ်ဆောင်မှုတစ်ခုက မော်ဂျူးပုံစံဒီဇိုင်းဖြစ်ပြီး အဆင့်အမျိုးမျိုးကို စိတ်ကြိုက်ဖန်တီးနိုင်တာကြောင့် ဘယ်လိုရေတပ်စနစ်သုံး လက်နက်စနစ်တွေနဲ့မဆို အမြန်ဆုံးပေါင်းစပ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့ထိရောက်မှုအကွာအဝေးက ကီလိုမီတာ ၅၀ ရှိပါတယ်။

PAKET-E/NK ဆိုတာ ရုရှားနိုင်ငံထုတ် ရေငုပ်သင်္ဘောဖျက်စနစ်ဖြစ်ပြီး သူ့မှာတိုက်ခိုက်ရေးစနစ်နဲ့ ခုခံကာကွယ်ရေးစနစ်တို့ ပေါင်းစပ်ပါဝင်ပါတယ်။ စစ်ရေယာဉ်အနီးအနားမှာရှိတဲ့ ရေငုပ်သင်္ဘောတွေကို ဖျက်ဆီးဖို့နဲ့ စစ်ရေယာဉ်ဆီကိုပစ်လွှတ်လိုက်တဲ့ တော်ပီဒိုကို ဖျက်ဆီးဖို့အတွက် သူ့ကိုဒီဇိုင်းရေးဆွဲထားတာပါ။ သူ့မှာထိန်းချုပ်ရေးစနစ်တစ်ခု၊ ဆိုနာစနစ်တစ်ခု၊ အသေးစားအပူငွေ့ရှာတော်ပီဒိုတွေ၊ တော်ပီဒိုဖျက်လက်နက်တွေနဲ့အတူ အလုံးပုံစံလောင်ချာနှစ်ခု ပါဝင်ပါတယ်။ ဒီလိုစွမ်းဆောင်ရည်တွေကြောင့် သူ့အနေနဲ့စစ်သင်္ဘောကို တိုက်ခိုက်လာတဲ့ ရေငုပ်သင်္ဘောနဲ့တော်ပီဒိုတွေကို ဖျက်ဆီးနိုင်တာဖြစ်ပါတယ်။ သူ့ရဲ့အရွယ်အစားကသေးငယ်လွန်းတာကြောင့် သူ့ကိုသင်္ဘောတွေမှာဖြစ်စေ၊ တခြားစစ်ရေယာဉ်တွေမှာဖြစ်စေ အလွယ်တကူတပ်ဆင်အသုံးပြုနိုင်ပါတယ်။

Shtil-1 သင်္ဘောအခြေပြုချိန်နယ်ပေါင်းစုံတာလတ် SAM စနစ်ကိုတော့ Almaz-Antey ကုမ္ပဏီက ထုတ်ဖော်ပြသခဲ့တာပါ။ သူက ရေတပ်အုပ်စုတွေ ဒါမှမဟုတ် သတ်မှတ်အဝန်းအဝိုင်းအတွင်းရှိ စစ်သင်္ဘောတွေအပြင် အဲဒီစနစ်ကို တင်ဆောင်ထားတဲ့သင်္ဘောတွေကို သင်္ဘောဖျက်ဒုံးကျည်တွေ၊ လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေ၊ လှေတွေနဲ့ သင်္ဘောတွေရဲ့တိုက်ခိုက်မှုကနေ ကောင်းစွာကာကွယ်ပေးနိုင်ပါတယ်။ သူ့ရဲ့ပုံစံက ပုံသေမဟုတ်ဘဲ ပြောင်းလဲနိုင်စွမ်းရှိတဲ့အတွက် ပစ်မှတ်နှစ်ခုကနေ ၁၂ ခုအထိကို တစ်ပြိုင်နက်တည်း ပစ်ခတ်နိုင်စွမ်းရှိပါတယ်။ မော်ဂျူးပုံစံနဲ့ သူ့မှာပါဝင်တဲ့ ကိရိယာအစုစုတို့ကြောင့် SAM စနစ်ကို ရှင်သန်နိုင်စွမ်းအမြင့်ဆုံးဖြစ်စေပြီး ပြုပြင်ထိန်းသိမ်းမှုနဲ့ စစ်ဆင်ရေးအသုံးပြုမှုတို့ကို သက်သာစေပါတယ်။ ပြပွဲမှာတော့ Shtil-1 SAM စနစ်ကို ပုံစံငယ်နဲ့သာ သရုပ်ပြသခဲ့တာပါ။

ARMY 2022 ဖိုရမ်အတွင်း ရုရှားနိုင်ငံပိုင် Rosoboronexport ကုမ္ပဏီနဲ့ Marine Instrumentation ကော်ပိုရေးရှင်းတို့ကြား ၂၀၂၂-၂၀၂၇ ခုနှစ်အတွင်း ပြင်ပဈေးကွက်မှာ ရေတပ်သုံးလက်နက်ပစ္စည်းတွေကို ကြော်ငြာဖို့ ပူးတွဲဆောင်ရွက်ရေးအစီအစဉ်တစ်ခုကို လက်မှတ်ထိုးလိုက်နိုင်ပါတယ်။

"ကမ္ဘာ့လက်နက်ဈေးကွက်မှာ ရေပန်းစားနေတဲ့အနေအထားနောက်ကိုလိုက်တဲ့အနေနဲ့ မိမိတို့ကြားမှာ စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာအစီအစဉ်ကို အလေးအနက်ထားလုပ်ဆောင်ခဲ့ပါတယ်။ သဘောတူထားတဲ့အစီအစဉ်အရ Rosoboro-nexport အနေနဲ့ ရေတပ်စနစ်တွေမှာ ရုရှားနိုင်ငံသုံးစစ်လက်နက်ပစ္စည်းတွေကို အဆင့်မြှင့်တင်အသုံးပြုဖို့နဲ့ နိုင်ငံရဲ့သင်္ဘောကျင်းတွေမှာ တည်ဆောက်မှုတွေလုပ်ဖို့အတွက် ပြည်ပမိတ်ဖက်နိုင်ငံတွေကို ကမ်းလှမ်းသွားမှာပါ။ ဒါ့အပြင် မိမိတို့အနေနဲ့ နောက်ဆုံးပေါ်ရုရှားစစ်လက်နက်ပစ္စည်းတွေအပေါ်မူတည်ပြီး ရေတပ်သုံးစစ်လက်နက်ပစ္စည်းတွေကို ပူးတွဲဖန်တီးထုတ်လုပ်မှု ပုံစံအမျိုးမျိုးကိုလည်း တိုးမြှင့်သွားမှာသွားဖြစ်ပါတယ်"လို့ Rosoboronexport မှ ညွှန်ကြားရေးမှူးချုပ် အလက်ဇန်းဒါးမီခိက ပြောပါတယ်။

လက်မှတ်ထိုးထားတဲ့အစီအစဉ်က Bal-E နဲ့ Rubezh-ME ကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်စနစ်တွေ၊ အမျိုးမျိုးသောကမ်းရိုးတန်းရေပြင်နဲ့ ဝေဟင်ကင်းထောက်ရေဒါတွေ၊ တိုက်ပွဲစီမံခန့်ခွဲမှုစနစ်တွေ၊ ထိန်းချုပ်ရေးနဲ့အချက်အလက်ဖလှယ်ရေးစနစ်တွေ၊ သင်္ဘောတင်ရေဒါတွေ၊ ဆိုနာနဲ့မီးသတ်ပစ္စည်းတွေအပြင် သင်္ဘောတွေနဲ့ရေငုပ်သင်္ဘောစစ်သည်သင်တန်းဆရာတွေကို နိုင်ငံတကာဈေးကွက်မှာ ပိုမိုအသုံးပြုရေး တိုးမြှင့်လုပ်ဆောင်သွားဖို့ကို ရည်ရွယ်ထားတာဖြစ်ပါတယ်။

## လေကြောင်းရန်ကာကွယ်ရေး

ရုရှားကာကွယ်ရေးပစ္စည်းပြပွဲမှာ လေကြောင်းရန်ကာကွယ်ရေးစနစ်အမျိုးမျိုးကိုလည်း ခင်းကျင်းပြသခဲ့ပါသေးတယ်။ ဒီလိုခင်းကျင်းပြသမှုကြောင့် အထူးသဖြင့် ရုရှားဟာ ဒီအပိုင်းမှာများစွာသော အတွေ့အကြုံတွေနဲ့စွမ်းရည်တွေရှိတယ်ဆိုတာကို သိသာထင်ရှားစွာ တွေ့မြင်ရပါတယ်။

ARMY 2022 မှာ Almaz-Antey က Viking ရွေ့လျား SAM စနစ်မှ မော်ဂျူလာပုံစံ ပစ်မှတ်ရှာရေဒါစနစ်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီစနစ်ကို 9S38E မော်ဂျူလာပစ်မှတ်ရှာရေဒါ၊ 9A317ME TELAR၊ 9A316ME နဲ့ 9A383E TEL တို့မှာ မြင်တွေ့နိုင်ပါတယ်။ Viking စနစ်က လက်ရှိထုတ်လုပ်အသုံးပြုနေပြီဖြစ်တဲ့အပြင် ထွက်ပေါ်လာဖို့ တာဆူနေတဲ့ ကိုယ်ပျောက်နည်းပညာ အသုံးပြုတည်ဆောက်ထားတဲ့ လေယာဉ်တွေအပါအဝင် နည်းဗျူဟာမြောက်နဲ့ မဟာဗျူဟာမြောက်လေယာဉ်တွေ၊ အနိမ့်ပျံဒုံးကျည်တွေ၊ ရဟတ်ယာဉ်တွေ၊ ကင်းထောက်နဲ့ တိုက်ခိုက်ရေးပစ္စည်းအမျိုးမျိုး၊ မောင်းသူမဲ့လေယာဉ်တွေ၊ မြေပြင်နဲ့ ရေပြင်ပစ်မှတ်တွေကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိပါတယ်လို့ ကော်ပိုရေးရှင်းကပြောထားပါတယ်။ တစ်ချိန်တည်းမှာပဲ Viking က လှိုင်းနှုန်းဖိဖျက်မှုအားကြီးတဲ့ ပတ်ဝန်းကျင်နဲ့ တုံ့ပြန်ပစ်ခတ်မှုရှိတဲ့ ပတ်ဝန်းကျင်မှာပါ ကောင်းစွာလုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိပါတယ်။ သူ့ရဲ့အမြင့်ဆုံးစစ်ဆင်နိုင်မှုအကွာအဝေးကတော့ ၆၅ ကီလိုမီတာပါ။

Sosna အလိုအလျောက်ပစ် တာတို SAM စနစ်ရဲ့ပုံသေတိုက်ခိုက်ရေးအခန်းကိုလည်း ဖိုရမ်မှာ သရုပ်ပြသခဲ့ပါသေးတယ်။ အနိမ့်ပျံဒုံးကျည်တွေနဲ့ ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်တွေအပါအဝင် လေကြောင်းမှ ခြိမ်းခြောက်မှုအားလုံးနီးပါးကို တုံ့ပြန်နိုင်စေဖို့ ဒီဇိုင်းရေးဆွဲထားပါတယ်။ ဒီစနစ်က Sosna-R မြန်နှုန်းမြင့်တိကျဒုံးကျည် ၁၂ စင်းကို အသုံးပြုထားပါတယ်။ ဒီဒုံးကျည်တွေက အလေးချိန်ပေ့ါပါးတဲ့အတွက် SAM စနစ်မှ သယ်ယူပို့ဆောင်ရေး/ကျည်ထိုးယာဉ်လိုအပ်မှုကို ဖယ်ရှားနိုင်ပါတယ်။ Sosna ကို အမျိုးမျိုးသောယာဉ်ကိုယ်ထည်တွေပေါ်မှာ တပ်ဆင်နိုင်ပြီး မော်ဂျူလာပုံစံနဲ့လည်းရရှိနိုင်ပါတယ်။

တာဝေး လေကြောင်းရန်ကာကွယ်ရေးစနစ်ကဏ္ဍမှာဆိုရင် Almaz-Antey က နောက်ဆုံးပေါ် Antey-400 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် (ADMS)ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ လေကိုခွဲပြီးပျံသန်းလာတဲ့ဝေဟင်ပစ်မှတ်ကို ကီလိုမီတာ ၃၈၀ အကွာကနေ ပစ်ချနိုင်စွမ်းရှိပါတယ်။

High Precision Systems က နာမည်ကျော် Pantsir-S1 SPAAGM စနစ်အပြင် အသစ်ဖြစ်တဲ့ Verba MANPADS စနစ်ကိုလည်း ညှော့ပရိသတ်တွေကို ပြသခဲ့ပါသေးတယ်။ အဲဒီစနစ်က ခေတ်မီလှိုင်းနှုန်းဖိဖျက်မှုပုံစံတွေကိုခံနိုင်ရည်ရှိပြီး ပစ်လွှတ်ပြီး နောက်ပြန်လှည့်ကြည့်စရာမလိုတဲ့ လုပ်ငန်းအခြေခံသဘောတရားကိုလည်း အသုံးပြုထားပါတယ်။ ဒါ့အပြင် အပူထုတ်လွှတ်မှုနည်းပါးတဲ့ ပစ်မှတ်တွေကိုလည်း ကောင်းစွာချေမှုန်းနိုင်စွမ်းရှိပါတယ်။ သူ့ရဲ့စစ်ဆင်နိုင်မှုအကွာအဝေးကတော့ ခြောက်ကီလိုမီတာပါ။

မောင်းသူမဲ့လေယာဉ်တွေကို တုံ့ပြန်ပစ်ချနိုင်ရေးအတွက် ဒီဇိုင်းရေးဆွဲထားတဲ့ အထူးအီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ကဏ္ဍတွေမှာလည်း လက်နက်အသစ်တွေကို ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။ ဒီနှစ်အတွက် အသစ်အဆန်းဖြစ်တာကတော့ RB-504A-E စနစ်ဖြစ်ပြီး Rosoboronexport ကထုတ်ပြခဲ့တာပါ။ သူက တာတိုနဲ့တာလတ်သွားမောင်းသူမဲ့လေယာဉ်တွေကို အသက်မဲ့စေနိုင်စွမ်းရှိပါတယ်။

အသေးစားမောင်းသူမဲ့လေယာဉ်တွေကို တုံ့ပြန်နိုင်ရေးအတွက် ဖန်တီးထားတဲ့ Repellent-Patrol ရွေ့လျားအီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်က အဲဒီမောင်းသူမဲ့လေယာဉ်တွေရဲ့ ဆက်သွယ်ရေးလမ်းကြောင်းအမျိုးမျိုးကို ဖိဖျက်နိုင်ကာ မောင်းသူမဲ့လေယာဉ် အုပ်လိုက်ပျံသန်းမှုတွေကို ကောင်းစွာဟန့်တားနိုင်စွမ်းရှိပါတယ်။ မောင်းသူမဲ့လေယာဉ်ဆက်သွယ်ရေးလမ်းကြောင်း ထောက်လှမ်းသိရှိ မှုပမာဏကတော့ ၂၅ ကီလိုမီတာ ဖြစ်ပါတယ်။ Repellent Patrol က မောင်းသူမဲ့လေယာဉ်တွေကို ထောက်လှမ်းသိရှိတုံ့ပြန်နိုင်စွမ်းတွေကို တိုးမြှင့်ထားပြီး ရွေ့လျားပုံစံနဲ့သော်လည်းကောင်း၊ အထိုင်ပုံစံနဲ့သော်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်ပါတယ်။ အခုပြပွဲမှာ ပြသခဲ့တာကတော့ ယာဉ်တင်ပုံစံပဲ ဖြစ်ပါတယ်။

ရုရှားနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံရေးကစားပွဲမှာ အနောက်အုပ်စုရဲ့ ဖယ်ကြဉ်ခြင်းကိုခံနေရတယ်လို့ အနောက်အုပ်စုမီဒီယာတွေက ရေးသားဖော်ပြမှုတွေလုပ်နေပေမယ့်လည်း အခုကျင်းပနိုင်ခဲ့တဲ့ ARMY 2022 ဖိုရမ်က ရုရှားနိုင်ငံရဲ့အင်အားအစစ်အမှန်တစ်စိတ်တစ်ပိုင်းကို ထုတ်ဖော်ပြသခွင့်ရလိုက်တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် ထုတ်ဖော်ပြသလိုက်သမျှသော စစ်လက်နက်ပစ္စည်းအများစုကလည်း အသစ်အဆန်းကြီးတွေသာဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံဟာ ဘယ်သူတွေက ဘာတွေပဲပြောနေပါစေ၊ သူလုပ်စရာရှိတာကိုသာ အကောင်းဆုံးလုပ်ဆောင်ပြီး ထိပ်တန်းနေရာကို တက်လှမ်းလာနိုင်ခဲ့တယ်ဆိုတာ ARMY 2022 က သက်သေပြနေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**"ရုရှားနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံရေးကစားပွဲမှာ အနောက်အုပ်စုရဲ့ ဖယ်ကြဉ်ခြင်းကိုခံနေရတယ်လို့ အနောက်အုပ်စုမီဒီယာတွေက ရေးသားဖော်ပြမှုတွေ လုပ်နေပေမယ့်လည်း အခုကျင်းပနိုင်ခဲ့တဲ့ ARMY 2022 ဖိုရမ်က ရုရှားနိုင်ငံရဲ့ အင်အားအစစ်အမှန် တစ်စိတ်တစ်ပိုင်းကို ထုတ်ဖော်ပြသခွင့်ရလိုက်တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် ထုတ်ဖော်ပြသလိုက်သမျှသော စစ်လက်နက်ပစ္စည်းအများစုကလည်း အသစ်အဆန်းကြီးတွေသာဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံဟာ ဘယ်သူတွေက ဘာတွေပဲပြောနေပါစေ၊ သူလုပ်စရာရှိတာကိုသာ အကောင်းဆုံးလုပ်ဆောင်ပြီး ထိပ်တန်းနေရာကို တက်လှမ်းလာနိုင်ခဲ့တယ်ဆိုတာ ARMY 2022 က သက်သေပြနေ"**

# ရခိုင်ပြည်နယ်အတွင်း ဝန်ကြီးဌာနကွပ်ကဲမှုအောက်မှ တပ်ဖွဲ့၊ ဦးစီးဌာနများရှိ ဝန်ထမ်းများ၊ ရဲမေမိသားစုများအား တွေ့ဆုံမှာကြား





**နေပြည်တော် စက်တင်ဘာ ၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ တာဝန်ယူထားသည့် နယ်စပ်ဒေသစခန်းအားရက်အတန်ကြာပိတ်ဆို့ကာ သာလွန်အင်အားအများအပြားဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် **(ငါမသေ ငါ့စခန်းမကျစေရ)**ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်စိတ်ဖြင့် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ကြရသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးကျူးကြောင်း၊ ရဲတပ်ဖွဲ့မှ ကျင့်သုံးနေသည့် ရဲကျင့်ဝတ် အပါး(၇၀)အား တပ်ဖွဲ့ဝင်အားလုံး သိရှိလိုက်နာပြီး အစဉ်အလာ(၁၂)ရပ်တွင် ပါရှိသည့် လုံခြုံရေးကိစ္စရပ်များကို နောင်တော်တပ်မတော်နှင့် လက်တွဲကာ ယခုကဲ့သို့ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပြောကြားခဲ့သည်။

**တွေ့ဆုံအားပေး**

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက စစ်တွေမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ခန်းမများတွင်လည်းကောင်း၊ စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် မောင်တောဒေသရှိ မြို့သူကြီးနယ်မြေနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲနှင့် ကျီးကန်းပြင်နယ်မြေ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်များတွင် လည်းကောင်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေး အမှာစကားပြောကြားရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်ခဲ့ရသည့် အကြောင်းရင်းများကို ချပြရှင်းလင်းကာ မိသားစုအတွင်း ကလေးငယ်များ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲက သတ်မှတ်ပေးထားသည့် ပညာရေးအဆင့်အတန်းအထိ နိုင်ငံတော်မှ အကုန်အကျခံကာ မသင်မနေရ ပညာရေးအဆင့် သတ်မှတ်ထားရှိမှု အခြေအနေနှင့် ကလေးငယ်များ ပညာရည်တိုးတက်မြင့်မားပြီး ဘဝတက်လမ်းအထောက်အကူပြုမှုတွင် မိခင်များ၏အခန်းကဏ္ဍသည် အလွန်မြင့်မားစွာ ပါရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ဂုဏ်ယူရမည်ဖြစ်ကြောင်းနှင့် မိသားစုများအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို အသေးစိတ်မှာကြားပြီး နေရာဒေသတစ်ခုချင်းစီမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား ပွင့်လင်းစွာ ဆန္ဒဖော်ထုတ်တင်ပြစေကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကိန်းဂဏန်းစာရင်းဇယားများ တိကျမှန်ကန်မှု လိုအပ်သည့်အခြေအနေများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ပန်းခင်းစီမံချက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပေါင်းစပ်အားဖြည့်ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံတော်မှ ချမှတ်ထားသည့် ပြည်သူ့လုံခြုံရေးအဖွဲ့များဖြင့် စစ်ကြောင်းကြီးငါးကြောင်း လှုပ်ရှားမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မိသားစုများ ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်မီးသတ်ဦးစီးဌာနတွင် မီးသတ်ယာဉ်များ ကြံ့ခိုင်မှုကို စစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေအကျဉ်းထောင်၌ အကျဉ်းသားများ၏ နေထိုင်စားသောက်မှုများ၊ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် ရေ၊ မီး၊ မိလ္လာရရှိမှုကိစ္စရပ်များကို အဆောင်တစ်ဆောင်ချင်းစီ အသေးစိတ်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)များကို E-ID Software Programme ဖြင့် Server အတွင်းသို့ ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှု၍ ဌာနများလုပ်ငန်းတာဝန်အလိုက် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးပြီး Server စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ်လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ စားရိပ်သာ၌ တပ်ဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာ စားသုံးပြီး စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေအခြေအနေနှင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုအခြေအနေတို့ကို အသိပေးပြောကြားကာ တပ်ဖွဲ့ဝင်များ၏အခက်အခဲများကို ဆန္ဒဖော်ထုတ်ပွဲပြုလုပ်ပေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိသားစုဝင်များအား သွားရောက်တွေ့ဆုံပြီး နေအိမ်လိုင်းခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ မိသားစုဝင်များ၏ အခက်အခဲတင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကာ မူကြိုကျောင်းအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်ဖွဲ့ခွဲအတွင်း ရခိုင်ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တပ်တွင်းလမ်းဖောက်လုပ်နေမှုနှင့် ကွန်ကရစ်ခင်းကျင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ပြင်ပမှ မမှန်သတင်းဖော်ပြချက်များ ပြန်လည်တုံ့ပြန်ဖြေရှင်းအသိပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ရမည်






**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများအား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**ထပ်ဆင့်ရှင်းလင်း**

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ (၆)လပတ်လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဦးတည်ချက်တွင် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်ကျင့်သုံးရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ် ချမှတ်လျက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပရှိ မြန်မာသံရုံးများသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး ရည်မှန်းချက်အပြင် မြန်မာနိုင်ငံသားများ အကျိုးကိုလည်း ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်ရှိသဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ပြင်ပမှ မမှန်သတင်းဖော်ပြချက်များကိုလည်း ပြန်လည်တုံ့ပြန်ဖြေရှင်း အသိပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သံရုံးလုံခြုံရေးနှင့် လူပုဂ္ဂိုလ်၊ စာရွက်စာတမ်းလုံခြုံရေးများကို အထူးဂရုစိုက်ကြရန်၊ သံရုံးအကြီးအကဲများက အဆင့်ဆင့် အထူးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ပတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် သံတမန်များအနေဖြင့် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သကဲ့သို့ ခံစစ်မှူးများလည်း ဖြစ်ကြောင်း၊ နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍသည် နက်နဲသိမ်မွေ့သည့်ကိစ္စဖြစ်၍ သံရုံးအကြီးအကဲများအနေဖြင့် အမြင်ကျယ်ကျယ်၊ ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် မိမိလက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို ကာကွယ်စောင့်ရှောက်ပြီး အချင်းချင်း အပြန်အလှန်လေးစားမှုစိတ်ဓာတ်ရှိစေရန်လည်း ထိန်းကျောင်းကြပ်မတ်သွားကြရန် လိုအပ်ကြောင်း၊ ဆက်လက်၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဆက်ဆံရေးအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံဆက်ဆံရေးအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ အစိုးရ၏ ရပ်တည်ချက်၊ သဘောထားနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်တရားရုံးတွင် ရင်ဆိုင်နေသည့် အမှုကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးများနှင့် ပဋိပက္ခချဉ်းကပ်ဖြေရှင်းရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများက ဆွေးနွေးတင်ပြခဲ့ရာ ယင်းတင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား လတ်တလောပြဋ္ဌာန်းရန် သင့်၊ မသင့်နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရာတွင် ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် လိုအပ်ချက်များ ဖြည့်စွက်ရန်လိုအပ်ကြောင်း တွေ့ရှိသဖြင့် ပြင်ဆင်သည့်ဥပဒေကို လတ်တလော ပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြင်ဆင်လိုသည့်ပုဒ်မများအား အပြီးသတ် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကလောဘူတာအား ရှေးမူမပျက် မွမ်းမံပြင်ဆင်ထိန်းသိမ်းထားရှိရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ ပင်းပက်နှင့် နောင်ကား ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်နှင့် နောင်ကား-တောင်ကြီး ရထားလမ်းပိုင်းအခြေအနေကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။




ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့်ကလောဘူတာ၏အစဉ်အလာကိုဆက်လက်စောင့်ထိန်းရေး၊ ဘူတာအဆောက်အအုံနှင့် ယာဒ်ဝင်းအား သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာအား ရှေးမူမပျက် မွမ်းမံပြင်ဆင်ထိန်းသိမ်းထားရှိရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို မှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်းရေနွေးငွေ့စက်ခေါင်းနှင့် ချိတ်ဆက်ထားသည့် တွဲပြသထားမှုအခြေအနေကို လည်းကောင်း၊ ပင်းပက်ဒေသရှိ သံမဏိထုတ်လုပ်ရေးစက်ရုံနှင့် ချိတ်ဆက်မည့် ရထားလမ်းတည်ဆောက်ရန် လျာထားနေရာနှင့်ပင်းပက်ဘူတာ တည်ဆောက်မည့်နေရာတို့ကိုလည်းကောင်း၊ ပင်းပက်-နောင်ကား ရထားလမ်းသစ်ဖောက်လုပ်မည့် လမ်းအူကြောင်းတစ်လျှောက် စီမံကိန်းလုပ်ငန်းခွင်နေရာများသို့ လည်းကောင်း၊ နောင်ကားလမ်းဆုံမှ အထူးရထားစီးနင်း၍ ရထားလမ်းပိုင်း၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ ဘူတာများ၏ သန့်ရှင်းသပ်ရပ်မှု၊ ကားနှင့် ရထားလမ်းကူးများ၌ မော်တော်ယာဉ်များ စနစ်တကျ ဖြတ်သန်းသွားလာမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တောင်ကြီးဘူတာ၌ တာဝန်ရှိသူများ၊ ဘူတာဝန်ထမ်းများနှင့် တွေ့ဆုံကာ ဘူတာသန့်ရှင်းသပ်ရပ်စေရေး၊ စက်ခေါင်းနှင့်တွဲများ လုံခြုံမှုရှိစေရေး၊ ရထားများ အချိန်မှန်ကန်စေရေး၊ ရထားစီး ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လမ်း၊ တံတားများ တည်ဆောက်ရာတွင် သတ်မှတ်ထားသည့် ဒီဇိုင်းပုံစံအတိုင်း စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**

လမ်၊တံတားများတည်ဆောက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဒီဇိုင်းပုံစံအတိုင်း စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက (မန္တလေး - မိတ္ထီလာလမ်းပိုင်း) အား ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများကို တိုက်တွန်းပြောကြားခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-တောင်ငူ - မိတ္ထီလာ - မန္တလေး လမ်း (မန္တလေး - မိတ္ထီလာ လမ်းပိုင်း) နှင့် ကျောက်ဆည် မြို့ရှောင်လမ်း ဖောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ - မန္တလေးလမ်း၊ ကျိုင်းတုံ - တာချီလိတ်လမ်း၊ မြစ်ငယ် - စစ်ကိုင်းလမ်း၊ မိတ္ထီလာ မြို့ရှောင်လမ်း၊ ကျောက်ဆည်မြို့ရှောင်လမ်း၊ ဘယ်လင်း - အုန်းချော လမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များပေါ် ပြန်လည်ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ခရိုင် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးရန် လိုကြောင်းနှင့် လျာထားစီမံချက်ပါအတိုင်း လုပ်ငန်းပြီးစီးရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများကို သတ်မှတ်ချိန်ပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**မှာကြား**

ထို့ပြင် ဒုတိယဝန်ကြီးသည် ကျောက်ဆည် မြို့ရှောင်လမ်း မိုင် (၀/၅)ရှိ ဇော်ဂျီတံတား အမှတ်(၂)တံတားတည်ဆောက် ပြီးစီးမှုကိုလည်းကောင်း၊ သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီမှ ဆောင်ရွက်နေသည့် ရန်ကုန် - မိတ္ထီလာ - မန္တလေးလမ်း မိုင်တိုင် (၃၆၀/၃)ရှိ ရေဝန်းတံတား တည်ဆောက်ရေး စီမံကိန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိတ္ထီလာ - ကျောက်ပန်းတောင်း လမ်းတစ်လျှောက်နှင့် မိုင်တိုင် (၅၆ - ၅၇)ကြား ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး (မိတ္ထီလာ - နေပြည်တော်) လမ်းပိုင်းကို လည်းကောင်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင် (၂၀၃/၄)မှ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး အဝင်လမ်း လမ်းအူကြောင်း ဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မချမ်းဘောမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းက သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေများ ပေးအပ်

**မချမ်းဘော စက်တင်ဘာ ၆**

ကချင်ပြည်နယ် မချမ်းဘော မြို့နယ် ရပ်ကွက်(၂)ရှိ မချမ်းဘော မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းသည် အသင်းသားဦးရေ ၃၁၂ ဦးဖြင့် ဖွဲ့စည်းထားပြီး အသင်း၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၏ အသားတင် အမြတ်ငွေမှ အသင်းသားများ၏ ဆန္ဒနှင့်အညီ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးထောက်ပံ့ငွေကျပ် တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် အသင်းမှ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွေးမြူရေးတိရစ္ဆာန်များသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း နှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အချိုးကျကိုယ်စားပြုစနစ် Proportional Representation System ( PR ) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ


(ယမန်နေ့မှအဆက်)

**အစီအစဉ်တင်ဆက်သူ။ ။ PR အုပ်စုထဲက List PRအကြောင်းရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။ ။ ပါတီအမည်ကို မူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List PR)**ဟာဆိုရင် PR စနစ်မှာ အသုံးအများဆုံးစနစ်ဖြစ်ပါတယ်။ ဒီစနစ်အရ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီအသီးသီးဟာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမယ့် တူညီတဲ့ကိုယ်စားလှယ်လောင်းအရေအတွက်အတိုင်း ကော်မရှင်ကို အမည်စာရင်းတင်သွင်းရမှာဖြစ်ပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတွေလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတွေဟာ မိမိတို့ရရှိတဲ့ ဆန္ဒမဲအရေအတွက်အတိုင်း အချိုးကျကိုယ်စားပြုခွင့်ရရှိမှာဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ ခိုင်လုံမဲအရေအတွက်စုစုပေါင်းကို ကိုယ်စားလှယ်လောင်းနေရာ စုစုပေါင်း +၁ နဲ့ စားပြီး ရလဒ်မှာ +၁ ထပ်ပေါင်းခြင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းတစ်ဦး မဖြစ်မနေရရှိရမယ့် ခိုင်လုံမဲအရေအတွက် Threshold ကို သတ်မှတ်ပါတယ်။ ဥပမာ- ဆန္ဒမဲအရေအတွက် စုစုပေါင်း ၁၀၀၀၀၀ ဖြစ်ပြီး ကိုယ်စားလှယ်နေရာ ကိုးနေရာဖြစ်မယ်ဆိုရင် ကိုယ်စားလှယ်တစ်ဦးရရှိရမယ့် မဲဝေစု (quota)ဟာ ၁၀၀၀၁ ဖြစ်ပါတယ်။ သက်ဆိုင်ရာပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလတွေအနေနဲ့ မဲဝေစုတစ်စုလျှင် ကိုယ်စားလှယ်တစ်နေရာနှုန်း ကိုယ်စားပြုရရှိမှာဖြစ်ပါတယ်။

ဒီလိုကိုယ်စားလှယ်နေရာတွေကို တွက်ချက်ခွဲဝေရာမှာပါတီမှာဖြစ်စေ၊ တစ်သီးပုဂ္ဂလမှာဖြစ်စေ မဲဝေစု တစ်စုမပြည့်တဲ့ မဲလက်ကျန် Remainder တွေရှိနေတတ်ပါတယ်။ အလားတူ အဲဒီမဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်နေရာတွေလည်း ကျန်နေတတ်ပါတယ်။ ဒါကြောင့် ဒုတိယအဆင့်အနေနဲ့ ကျန်ရှိနေတဲ့ ကိုယ်စားလှယ်နေရာကို မဲဝေစုတစ်စုမပြည့်ဘဲကျန်ရှိနေတဲ့ မဲလက်ကျန်အများဆုံးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလတွေအလိုက် ထပ်မံပြီး ခွဲဝေရရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ပါတီတွေဟာ မိမိတို့ရရှိတဲ့မဲအရေအတွက် ရာခိုင်နှုန်းနဲ့ အနီးစပ်ဆုံး ကိုယ်စားလှယ်နေရာ အရေအတွက်ကို ရရှိမှာဖြစ်ပါတယ်။




ဒီ Party List Voting စနစ်မှာ ပါတီကိုသာရွေးချယ်မဲပေးတဲ့စနစ် (Closed List)နဲ့ ပါတီနဲ့ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်တဲ့စနစ်(Open List)ဆိုပြီး အဓိကနှစ်မျိုးရှိပါတယ်။ ဒ့ါအပြင် လွတ်လပ်စွာ မဲပေးနိုင်တဲ့ Free List ဆိုတာလည်း ရှိပြီး အသုံးနည်းပါတယ်။ ပါတီကိုသာရွေးချယ်မဲပေးတဲ့စနစ် (Closed List)ဟာ Party List Voting ရဲ့ မူလပုံစံဖြစ်ပါတယ်။ ဒီစနစ်အရကျင်းပတဲ့ရွေးကောက်ပွဲတွေမှာ မဲဆန္ဒရှင်တွေအနေနဲ့ ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းကို တိုက်ရိုက်မဲပေး ရွေးချယ်ခွင့်မရှိဘဲ ပါတီကိုသာမဲပေးရပါတယ်။ မိမိနှစ်သက်ရာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းကိုလည်း မဲပေးနိုင်ပါတယ်။ ပါတီတွေကရရှိတဲ့ ဆန္ဒမဲပေါ် မူတည်ပြီး မူလတင်သွင်းထားတဲ့ ဦးစားပေးအစီအစဉ်အတိုင်း ကိုယ်စားလှယ်တွေရရှိကြမှာဖြစ်ပါတယ်။

ဒီစနစ်မှာယှဉ်ပြိုင်တဲ့ ပါတီတွေအတွက် ကိုယ်စားလှယ်နေရာ ခွဲဝေပုံတွက်ချက်နည်း အမျိုးမျိုးရှိတာကို တွေ့ရှိရပါတယ်။ အလွယ်ကူဆုံးနဲ့ အသုံးအများဆုံးတွက်ချက်နည်းကတော့ အကြွင်းမဲ (လက်ကျန်မဲ) အများဆုံးကိုယူတဲ့ ပုံသေနည်း The Largest Remainder Formula ဖြစ်ပါတယ်။

ဒီနည်းလမ်းမှာ Quota ကို အရင်သိထားဖို့ လိုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရဖို့အတွက် အနည်းဆုံးရရှိရမယ့် ခိုင်လုံမဲကို Quota သို့မဟုတ် Threshold လို့ ဆိုပါတယ်။ အသုံးများတဲ့ တွက်နည်းအချို့ကတော့ Droop Quota နဲ့ Hare Quota ပဲဖြစ်ပါတယ်။ Droop Quota Methodကတော့ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက် + ၁ နဲ့ စားပြီး ရတဲ့ရလဒ်ကို + ၁ ထပ်ပေါင်းခြင်းပဲဖြစ်ပါတယ်။

ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံး ရရှိရမည့်

$$\text{အခြေခံမဲ (Threshold)} = \frac{(\text{ခိုင်လုံမဲစုစုပေါင်း})}{(\text{ကိုယ်စားလှယ်အရေအတွက်}+ ၁)} + ၁$$

ပဲ ဖြစ်ပါတယ်။ Hare Quota Method ကတော့ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်နဲ့ စားခြင်းပဲဖြစ်ပါတယ်။ လာမည့်ရွေးကောက်ပွဲမှာ Droop Quota Method ကို အသုံးပြုမှာဖြစ်ပါတယ်။

PR စနစ်ကျင့်သုံးတဲ့ နိုင်ငံတော်တော်များများမှာ Electoral Threshold ကို ကျင့်သုံးပါတယ်။ Threshold ရာခိုင်နှုန်းကိုတော့ တစ်နိုင်ငံတစ်မျိုး စိတ်ကြိုက်သတ်မှတ်ပါတယ်။ ဥပမာ – တောင်ကိုရီးယားနိုင်ငံ အပါအဝင် ၁၄ နိုင်ငံက Threshold ငါးရာခိုင်နှုန်းထားပါတယ်။ ဂျာမနီအပါအဝင် ၂၆ နိုင်ငံကတော့ ခြောက်ရာခိုင်နှုန်းထားပါတယ်။ ဒီလိုထားမယ်ဆိုရင် မဲဆန္ဒနယ်တစ်ခုမှာ ခိုင်လုံမဲ ငါးရာခိုင်နှုန်းမှမရတဲ့ပါတီဟာ ကိုယ်စားလှယ်တစ်ဦးမှ မရတာဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဖြစ်လို့ တိုင်းရင်းသားလူမျိုးစုပါတီများ၊ ပါတီငယ်တွေက ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရနိုင်ရေးအတွက် Electoral Threshold ရာခိုင်နှုန်းမသတ်မှတ်ဘဲ ကိုယ်စားလှယ်တစ်ဦး အနည်းဆုံးရရှိရမယ့် ခိုင်လုံမဲ Quota ကိုပဲ Threshold သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပါတီနဲ့ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်တဲ့စနစ် (Open List) မှာတော့ မဲဆန္ဒရှင်တွေအနေနဲ့ ပါတီကိုသာမက မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းကိုပါ တိုက်ရိုက်မဲပေးရွေးချယ်ခွင့်ရှိပါတယ်။ ကိုယ်စားလှယ်လောင်းကရရှိတဲ့မဲတွေဟာ ၎င်းရဲ့ပါတီရရှိတဲ့မဲတွေဖြစ်ပါတယ်။ မဲအများဆုံးရရှိတဲ့ကိုယ်စားလှယ်လောင်းတွေဟာ ၎င်းရဲ့ပါတီစာရင်းမှာ ထိပ်ဆုံးနေရာကနေ အစဉ်လိုက် ရွေးချယ်ခံရမှာ ဖြစ်ပါတယ်။

Party List PR စနစ် ကျင့်သုံးမယ်ဆိုပါက မဲပေးခြင်းနဲ့ မဲရေတွက်ခြင်း ရိုးရှင်းလွယ်ကူပါတယ်။ ပါတီအသီးသီးအနေနဲ့လွှတ်တော်မှာ တိကျစွာကိုယ်စားပြုခွင့်ကိုရရှိစေမှာဖြစ်ပြီး ဆန္ဒမဲတွေ အလဟဿဖြစ်မှုကိုလည်း နည်းပါးစေမှာဖြစ်ပါတယ်။ ဒ့ါအပြင် တိုင်းရင်းသားလူနည်းစုတွေ၊ အမျိုးသမီးတွေအပါအဝင် ပါတီအများစုကို မျှတတဲ့ ကိုယ်စားပြုခွင့် ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။



**အစီအစဉ်တင်ဆက်သူ။ ။ ရွေးကောက်ပွဲစနစ်တွေမှာ PR အုပ်စုက အများဆုံးနဲ့ FPTP အုပ်စုက ဒုတိယအများဆုံး ကျင့်သုံးတာတွေ့ရတဲ့အတွက် ဒီစနစ်နှစ်မျိုးရဲ့ အဓိကကွဲပြားခြားနားချက်နဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်း နှိုင်းယှဉ်သိပါရစေခင်ဗျား။**

**ဦးခင်မောင်ဦး။ ။** အချိုးကျကိုယ်စားပြုစနစ် (PR) နဲ့ မဲအများဆုံးရသူအနိုင်ရတဲ့ FPTP စနစ် အသီးသီးမှာ အားနည်းချက် /အားသာချက်အပါအဝင် ခြားနားချက်များစွာရှိပါတယ်။ အဓိကခြားနားချက်က မဲဆန္ဒရှင်ပြည်သူတွေကပေးလိုက်တဲ့ ဆန္ဒမဲတွေရဲ့တန်ဖိုးနဲ့ သက်ရောက်မှုကွာခြားခြင်းဖြစ်ပါတယ်။ FPTP စနစ်နဲ့ ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ အနိုင်ရသူရရှိတဲ့ ဆန္ဒမဲအရေအတွက်ဟာ ခိုင်လုံမဲ စုစုပေါင်းရဲ့ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကိုပေးလိုက်တဲ့ ဆန္ဒမဲတွေကသာ တန်ဖိုးနဲ့ သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲတွေဟာ တန်ဖိုးနဲ့သက်ရောက်မှု လုံးဝမရှိ အဟောသိကံ၊ အလဟဿဖြစ်ခြင်းဖြစ်ပါတယ်။

အချိုးကျကိုယ်စားပြုစနစ်နဲ့ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတွေ၊ တစ်သီးပုဂ္ဂလတွေအပါအဝင်တို့ကို မဲဆန္ဒရှင်တွေကပေးလိုက်တဲ့ ဆန္ဒမဲအရေအတွက် စုစုပေါင်းအပေါ် မိမိတို့ရရှိတဲ့ ဆန္ဒမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်နေရာရရှိမှုဟာ ဆန္ဒမဲအားလုံးနီးပါးရဲ့တန်ဖိုးနဲ့ သက်ရောက်မှုရှိခြင်းပင်ဖြစ်တယ်။ ဒ့ါကြောင့်လည်း FPTP စနစ်နဲ့ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေကို လေ့လာပါက တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါတီတွေ ရရှိတဲ့ခိုင်လုံမဲတွေရဲ့ရာခိုင်နှုန်းနဲ့ လွှတ်တော်အမတ်ရရှိတဲ့ ရာခိုင်နှုန်းအချိုးအစား ညီညွတ်မျှတမှုမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

အချိုးကျကိုယ်စားပြုစနစ်(PR)ရဲ့ အဓိကအားသာချက်တွေကတော့ မဲဆန္ဒရှင်ပြည်သူတွေကပေးတဲ့ဆန္ဒမဲတွေ အဟောသိကံ၊ အလဟဿဖြစ်မှုအလွန်နည်းပါးခြင်းဖြစ်တဲ့အပြင် အားသာချက်တွေကတော့ –

- ❖ ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ အချိုးအစားကျနသော ဥပဒေပြုလွှတ်တော်ကို ပုံဖော်နိုင်ပြီး ပါတီစုံစနစ် (Multi-party System)ကို ပေါ်လွင်အားကောင်းစေခြင်း၊
- ❖ လွှတ်တော်အတွင်း ပါတီကြီးများ၏ လက်ဝါးကြီးအုပ်မှုကို ကန့်သတ်ပေးခြင်းနှင့် ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း၊
- ❖ လူနည်းစုများ၏ ဆန္ဒသဘောထားကို ဖော်ထုတ်နိုင်ပြီး ပါတီငယ်များအနေဖြင့် ပါတီကြီးများကဲ့သို့ ကိုယ်စားလှယ်နေရာရရှိနိုင်ပြီး ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊
- ❖ မဲဆန္ဒနယ်အလိုက် ရွေးကောက်ခံရသော ပါတီစုံမှကိုယ်စားလှယ်များသည် မဲဆန္ဒနယ်တစ်ခုလုံး၏ ကိုယ်စားလှယ်ဖြစ်ပြီး မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ပြည်သူလူထုထောက်ခံမှုရရှိရေး အပြိုင်ကြိုးစားစေသည့် အားသာချက်ရှိခြင်း၊
- ❖ စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် အသုံးပြုခြင်းဖြင့် လူပုဂ္ဂိုလ်ထက် ပါတီဦးဆောင်မှု မြင့်မားစေပြီး ပါတီများ၏ မူဝါဒလမ်းစဉ်များ ပိုမိုတည်တံ့ခိုင်မြဲစေခြင်း၊
- ❖ မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့ သွားရောက်မဲပေးခြင်းသည် တန်ဖိုးရှိသည်ဟူသောအမြင်နှင့် ယုံကြည်မှုမြင့်မားလာပြီး မဲပေးမှုရာခိုင်နှုန်း (Voter Turn Out) ကောင်းလာစေခြင်း၊
- ❖ ပါတီစုံနှင့် လူတန်းစားစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားသော အစိုးရတစ်ရပ် ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်း၊
- ❖ တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာပိုမိုရရှိပြီး ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပိုမိုပါဝင်ခွင့် ရရှိခြင်း၊
- ❖ တိုင်းရင်းသားပါတီများအနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် ပိုမိုပါဝင်ခွင့်ရရှိပြီး မိမိတိုင်းရင်းသားမျိုးနွယ်စု၏အကျိုးကို ပိုမိုဖန်တီးဖော်ဆောင်နိုင်ခြင်း၊
- ❖ လွှတ်တော်အတွင်း ပါတီစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ၏ စုံညီမျှတစွာ အချိုးကျကိုယ်စားပြုခွင့်ရရှိခြင်းဖြင့် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေး အထောက်အကူဖြစ်ခြင်းတို့ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❍

✰ **ကျောဖုံးမှ**

အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Luvsannamsrain Oyun–Erdene တို့ တက်ရောက်မည်ဖြစ်ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ Mr. Li Zhanshu လည်းပါဝင်တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session သို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များကို ဂုဏ်ပြုသောအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ တရုတ်နိုင်ငံတို့၏ အလံများကို International Space Station တွင် ရုရှားအာကာသယာဉ်မှူးများက ချိတ်ဆွဲဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ချိတ်ဆွဲဂုဏ်ပြုထားရာတွင် နိုင်ငံ့ အလံများအားကမ္ဘာကိုနောက်ခံပြုကာ ထင်ရှားစွာ တွေ့မြင်နိုင်ရေး ဂုဏ်ပြုချိတ်ဆွဲထားကြောင်း သိရသည်။

**သတင်းစဉ်**

❖ **၂၀၂၂ ခုနှစ်မှ**

ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီး တံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၄၅ ရက်သားအရွယ်တွင် အရပ်အမြင့် ၂ ပေ ၇ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၂၀၂ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးသည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human and Friendly စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

❍ စာမျက်နှာ ၁၀ မှ

**အစီအစဉ်တင်ဆက်သူ။ ။ ကျွန်တော်တို့မြန်မာနိုင်ငံ မှာလည်း လွှတ်တော်ရွေးကောက်ပွဲတွေမှာ FPTP စနစ်ကနေ PR စနစ်ကို ပြောင်းလဲကျင့်သုံးတော့မယ်လို့ သတင်းစကားတွေ ကြားသိနေရပါပြီ။ ဒီအတွက် PR စနစ်ပြောင်းလဲမယ့် အလားအလာတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးပါဦးခင်ဗျား။**

**ဦးခင်မောင်ဦး။** ။ မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲတွေမှာ FPTP စနစ်ကနေ PR စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရေး အလားအလာတွေနဲ့ပတ်သက်ပြီး ၁၃–၇–၂၀၁၂ ရက်နေ့က နိုင်ငံရေးပါတီ ၁၀ ပါတီ ပါဝင်တဲ့ ဒီမိုကရေစီမိတ်ဆွေပါတီတွေက ရွေးကောက်ပွဲစနစ်ပြုပြင်ရေးနဲ့ပတ်သက်လို့ သဘောထား အကြံပြုချက်တင်ပြစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံတင်ပြခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်းကလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ ရွေးချယ်ရာမှာ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးဖို့အတွက် လွှတ်တော်ကအဆုံးအဖြတ်ပေးပါရန် အဆိုကို ၃–၆–၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခဲ့ရာမှာ အဆိုအောင်မြင်ခဲ့တဲ့အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွေမှာ အချိုးကျကိုယ်စားပြုစနစ် PR ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေး ကော်မရှင်ကို အမျိုးသားလွှတ်တော်က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။

အကောင်အထည်ဖော်ရေးကော်မရှင်အနေနဲ့ အချိုးကျကိုယ်စားပြုစနစ် ပုံစံအမျိုးမျိုးနဲ့ ရွေးကောက်ပွဲ ဒီဇိုင်းပုံစံအလိုက် အားသာချက်နဲ့ အားနည်းချက်တွေကို ဆွေးနွေးလေ့လာပြီး အမျိုးသားလွှတ်တော်ကို အစီရင်ခံစာတင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း အဲဒီသက်တမ်းကာလအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့တာကို လေ့လာသိရှိခဲ့ရပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ နောင်ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲတွေမှာ မြန်မာနိုင်ငံနဲ့ သင့်လျော်ကိုက်ညီမယ့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တည်ဆဲနိုင်ငံရေးပါတီတွေ တွေ့ဆုံဆွေးနွေးတာတွေကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ လေးကြိမ်ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့ပါတယ်။ ပထမနှစ်ကြိမ်ကို နေပြည်တော်မှာ ဆောင်ရွက်ခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြပါတယ်။ ဒုတိယနှစ်ကြိမ်ကို ရန်ကုန်မြို့မှာ ဆောင်ရွက်ခဲ့ပြီး ပါတီတွေရဲ့ စာတမ်းတွေဖတ်ကြားတာ၊ ရွေးကောက်ပွဲဒီဇိုင်းနဲ့စပ်လျဉ်းပြီး ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ စာတမ်းတွေ ဖတ်ကြားရှင်းလင်းတာတို့ ဆောင်ရွက်ခဲ့ပါတယ်။ ရရှိတဲ့ ဘုံသဘောတူညီချက်တွေကတော့ –

- ❑ လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List – PR) စတင်ကျင့်သုံးရန်၊
- ❑ မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲအတွေ့အကြုံနှင့် နိုင်ငံရေး ယဉ်ကျေးမှုရေချိန်မြင့်တက်လာချိန်တွင် (Open List – PR) သို့မဟုတ် အခြား PR စနစ်တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊
- ❑ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကိုပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊
- ❑ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က)ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁ ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁(ခ)ပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ၁ ဦးစီ ရွေးကောက်တင်မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊
- ❑ Closed List PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း အမည်စာရင်းအား ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင်တင်ပြရန်၊
- ❑ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့်ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံဖော်ပြထားသော ဗီနိုင်းပိုစတာများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားရန်၊
- ❑ Closed List PR စနစ်၏ မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ် မူတည်၍ ကိုယ်စားလှယ်တစ်ဦး ရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ (Threshold) သတ်မှတ်ရန်၊
- ❑ PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများဖောင်းပွလာနိုင်မှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ ညွှန်ကြားကြပ်မတ် ထိန်းကျောင်းခြင်းဖြင့်လည်းကောင်း ကန့်သတ်ရန်၊
- ❑ ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်။

**အစီအစဉ်တင်ဆက်သူ။ ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီများသဘောတူညီချက်အရလာမယ့် ရွေးကောက်ပွဲတွေမှာ Closed List – PR ကို ပြောင်းလဲကျင့်သုံးမှာဖြစ်တဲ့အတွက် Closed List–PR စနစ်နဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ ဘာတွေများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီလဲဆိုတာ ဆွေးနွေးပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။** ။ မြန်မာနိုင်ငံဟာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ ရွေးကောက်ပွဲတွေကို မဖြစ်မနေပြုလုပ်ရမှာဖြစ်ပြီး အရည်အချင်းပြည့်မီတဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရမယ့် လုပ်ငန်းဖြစ်လို့ နိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ ဒါကြောင့်လည်း လက်ရှိကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ် FPTP အစား လူထုကိုယ်စားပြုမှုကို တိုးမြှင့်ဖော်ဆောင်ပေးနိုင်ပြီး နိုင်ငံတော်ရဲ့လက်ရှိအခြေအနေနဲ့ကိုက်ညီမယ့် ရွေးကောက်ပွဲစနစ် PR ကို ပြုပြင်ပြောင်းလဲကျင့်သုံးဖို့ လိုအပ်လာပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့ ဆွေးနွေးသဘောတူညီချက်အရ Closed List –PR စနစ်ကို ပြောင်းလဲကျင့်သုံးဖို့ ပြင်ဆင်မှုတွေဆောင်ရွက်နေပြီဖြစ်ပါတယ်။ PR စနစ် ပြောင်းလဲကျင့်သုံးဖို့ ပထမအချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းက လိုက်လျောညီထွေမှုရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်း၊ ပုဒ်မ ၁၄၁ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း၊ ပုဒ်မ ၁၆၁ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်တွေအရ သတ်မှတ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ပြောင်းလဲခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ ပါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်အရ မဲဆန္ဒနယ်တွေကို PR စနစ်နဲ့ လိုက်လျောညီထွေစွာ ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေတွေကို ပြောင်းလဲကျင့်သုံးမယ့် PR စနစ်နဲ့ ကိုက်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းချက်အသစ်တွေနဲ့ တစ်ဆက်တစ်စပ်တည်း နည်းဥပဒေတွေနဲ့ လုပ်ငန်းလမ်းညွှန်တွေကိုလည်း ပြင်ဆင်ရေးဆွဲထားပြီးဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ကတော့ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့ ကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းတွေကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်ပြီး ဌာနတွင်းရွေးကောက်ပွဲ ပညာပေးသင်တန်း Internal Training တွေဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ မဲဆန္ဒရှင် အသိပညာပေးခြင်းအစီအစဉ် Civic and Voter Education Programme တွေကိုလည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

စတုတ္ထအချက်အနေနဲ့ ရွေးကောက်ပွဲအတွက် အခြေခံအကျဆုံး အရေးကြီးဆုံးလုပ်ငန်းစဉ်ဖြစ်တဲ့ အခြေခံမဲဆန္ဒရှင်စာရင်းတွေ ပြုစုခြင်းနဲ့စိစစ်ခြင်း လုပ်ငန်းစဉ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ အမျိုးသားလွှတ်တော် ဖွဲ့စည်းရာမှာပါရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ခြင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဖွဲ့စည်းရာမှာပါရှိတဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ချက်နဲ့အညီရရှိမယ့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တွေကိုတော့ တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမှာဖြစ်လို့ FPTP စနစ်နဲ့သာ ရွေးကောက်တင်မြှောက်ရမှာ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# သမိုင်းကို ဓာတ်ပုံများက ထင်ဟပ်စေသည်ဖြစ်၍ သမိုင်းမှတ်တမ်းကောင်းများကို ကောင်းမွန်စွာမှတ်တမ်းတင် ထိန်းသိမ်းနိုင်ရန်လို

**နေပြည်တော် စက်တင်ဘာ ၆**

ဓာတ်ပုံပညာသည် ပြန်မရနိုင်သည့် အခိုက်အတန့်များကို မှတ်တမ်းတင်ခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ သမိုင်းနှင့် လူမှုယဉ်ကျေးမှုသမိုင်းများကို ဓာတ်ပုံများက ထင်ဟပ်စေသည်ဖြစ်၍ သမိုင်းမှတ်တမ်းကောင်းများကို ကောင်းမွန်စွာမှတ်တမ်းတင် ထိန်းသိမ်းနိုင်ရန် လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားခဲ့သည်။

**ထည့်သွင်းပြောကြား**

ဓာတ်ပုံ ရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် ဝန်ကြီးဌာနအတွက်သာမက သင်တန်းသားများအတွက်လည်း ဓာတ်ပုံပညာကို အခြေခံရိုက်ကူးနိုင်သည့်အဆင့်မှ Professional အဆင့်အထိ ရိုက်ကူးတည်းဖြတ်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနများ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည့် အခန်းကဏ္ဍတွင် ဓာတ်ပုံရိုက်ကူးတည်းဖြတ်ခြင်းသည်လည်း ထိရောက်အကျိုးရှိသည့်နေရာတွင် ရှိနေကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား



နှုပျိုသစ်လွင်သည့်စိတ်များ ဖြစ်ပေါ်စေရန် ဖျော်ဖြေရေးအစီအစဉ်များကို ဆောင်ရွက်ပေးရသကဲ့သို့ ယနေ့ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူများ သတင်းမှန်သိရှိနိုင်စေရန် ဖော်ထုတ်ရေးသားရပါကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာမှုနှင့်အတူ မိမိရိုက်ကူးထားသော ဓာတ်ပုံများကိုအရည်အသွေး ပိုမိုကောင်းမွန်သည့် ဓာတ်ပုံများဖြစ်လာစေရန် နည်းပညာကို အသုံးပြု၍ ပြုပြင်ဖန်တီးနိုင်သည့် ပညာရပ်များကိုလည်း တတ်မြောက်ထားရန် လိုအပ်ပါကြောင်း။

ယခုသင်တန်းတွင် သင်ကြားပေးသည့် ဓာတ်ပုံပညာနှင့် သတင်းဆိုင်ရာဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်စေရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နည်းပြများ၏ ဘာသာရပ်များပို့ချမှုကို အလေးထားလိုက်နာသင်ယူပြီး သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူ၍ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သည့် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်းကို စက်တင်ဘာ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းဘာသာရပ်များ၊ Indoor၊ Outdoor လက်တွေ့ရိုက်ကူးခြင်း၊ သတင်း၏အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းနှင့် သတင်းဆောင်းပါးများ ရေးသားခြင်း၊ အွန်လိုင်းအသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ သတင်းအပြန်အလှန် စီးဆင်းရေးဘာသာရပ်များကို သင်ကြားသွားမည်ဖြစ်သည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ဦးစီးဌာန၏ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ MOI Website၊ MOI App၊ Mtube App ရေးဆွဲနေမှုနှင့် IT နည်းပညာများ၊ ဓာတ်ပုံပညာမျှော်မှန်းချက်နှင့် ဓာတ်ပုံပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များ၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဘာသာရပ်များကို ညစာကြည့်ချိန်များတွင် လာရောက်ဆွေးနွေးပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်ရန် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၆**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအပြင် တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများအားလုံး မိမိတို့တတ်စွမ်းသမျှ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ယနေ့ကျင်းပသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးတွင် တိုက်တွန်းပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်



တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးစုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်များကို ကျင်းပနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုများ၊ အနုပညာများ၊ တိုင်းရင်းသားဒေသတောတောင်ရေမြေအလှများ၊ တိုင်းရင်းသားအဝတ်အထည်များ၊ တိုင်းရင်းသားဒေသထုတ်ကုန်များ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများအတွက်သာမက တိုင်းရင်းသားများ၏ စုစည်းမှု၊ စည်းလုံးညီညွတ်မှု၊ အချင်းချင်းလေးစားယုံကြည်မှုနှင့် ငြိမ်းချမ်းရေးအတွက်လည်း အထောက်အကူဖြစ်စေခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးစုလုပ်ငန်းရှင်များအသင်းတို့အနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ၊ စိန်ခေါ်မှုများရှိပါက တင်ပြကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်ရန် တိုင်းရင်းသားလူမျိုးများ၏အကျိုးစီးပွားကို ရှေးရှုပြီး ဝိုင်းဝန်းကြိုးပမ်းပေးရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၊ အထွေထွေ အတွင်းရေးမှူး ဦးမင်းဗညားစန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်၊ ဆက်ဆံရေးအရာရှိနှင့် ရုံးအဖွဲ့မှူး ဦးစိုးပိုင်၊ တိုင်းရင်းသားလူမျိုးစု လုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများ ပါဝင်ဆောင်ရွက်လာကြရေး ပူးပေါင်းကြိုးပမ်း

**နတ်မောက် စက်တင်ဘာ ၆**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာနှင့် ဇလွန်မြို့နယ်တို့မှ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှူးတို့နှင့် တွေ့ဆုံသည်။

ထို့နောက် ဟသ်ာတမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၏ ပြည်ဇုန်နယ်တာဝန်ခံ၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ပန်းတောင်း၊ သဲကုန်းနှင့် ပေါင်းတည်မြို့နယ်တို့မှ မြို့နယ် ပြန်/ဆက်ဦးစီးမှူးများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် ပြည်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်များ ပြုပြင်ထိန်းသိမ်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် အောင်လံမြို့နယ်ပြန်/ဆက်ရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မိမိတို့ရည်မှန်းချက်တာဝန်ဖြစ်သည့် ပြည်သူလူထုအားပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန်၊ ဦးဆောင်သူတာဝန်ရှိသူများက တာဝန်ယူမှု၊ တာဝန်ခံမှု



ဒုတိယဝန်ကြီးဦးရဲတင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး၏ ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။

အပြည့်ဖြင့် လုပ်ငန်းတာဝန်များကို တွေးတောကြံဆပြီး ညီညွတ်စွာ ပူးပေါင်း လုပ်ဆောင်ကြရန်၊ နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများနှင့် ဆူပူအကြမ်းဖက်မှုများ ပပျောက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများ ပါဝင်ဆောင်ရွက်လာကြရေး သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဘူလ်ဂေးရီးယားနိုင်ငံက မြောက်မက်ဆီဒိုးနီးယားနိုင်ငံသို့ စွမ်းအင်တင်ပို့မှုကို တိုးမြှင့်သွားရန် ဆန္ဒရှိနေ

ဆိုဖီယာ စက်တင်ဘာ ၆

ဘူလ်ဂေးရီးယားနိုင်ငံသည် မြောက်မက်ဆီဒိုးနီးယားနိုင်ငံသို့ စွမ်းအင်တင်ပို့မှုကို တိုးမြှင့်သွားရန် ဆန္ဒရှိနေကြောင်း ဘူလ်ဂေးရီးယားအိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဂါလက်ဘ်ဒိုနက်ဗ်က စက်တင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

ဘူလ်ဂေးရီးယားနိုင်ငံ အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဂါလက်ဘ်ဒိုနက်ဗ်နှင့် မြောက်မက်ဆီဒိုးနီးယားနိုင်ငံ ဝန်ကြီးချုပ် ဒီမီတာကိုဗာချက်စကီးတို့အကြား စက်တင်ဘာ ၅ ရက်တွင် သဘောတူညီခဲ့သည့် သဘောတူညီချက်အရ ဘူလ်ဂေးရီးယားနိုင်ငံ၏ မြောက်မက်ဆီဒိုးနီးယားနိုင်ငံသို့ စွမ်းအင်တင်ပို့မှု တိုးမြှင့်ရေးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံအကြား သဘောတူညီချက်သည် ဘူလ်ဂေးရီးယားနိုင်ငံသို့ တစ်ရက်ကြာအလည်အပတ် ခရီးသွားရောက်ခဲ့သော မြောက်မက်ဆီဒိုးနီးယားနိုင်ငံဝန်ကြီးချုပ် ဒီမီတာကိုဗာချက်စကီးနှင့် ဘူလ်ဂေးရီးယား အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဂါလက်ဘ်ဒိုနက်ဗ်တို့ တွေ့ဆုံမှုအပြီး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် မြောက်မက်ဆီဒိုးနီးယားနိုင်ငံ၏ ချူကလီးယားစွမ်းအင်စက်ရုံက ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စွမ်းအင်အဓိကထောက်ပံ့သည့် နိုင်ငံတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်


ဘူလ်ဂေးရီးယားနိုင်ငံ အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဂါလက်ဘ်ဒိုနက်ဗ်နှင့် မြောက်မက်ဆီဒိုးနီးယားနိုင်ငံ ဝန်ကြီးချုပ် ဒီမီတာကိုဗာချက်စကီးတို့ စက်တင်ဘာ ၅ ရက်က ဆိုဖီယာမြို့၌ တွေ့ဆုံစဉ်။

# နမီးဘီးယားနိုင်ငံ၌ လောင်စာဆီဈေးနှုန်းလျှော့ချမည်

ဝင်းဒေါ့ခ် စက်တင်ဘာ ၆

နမီးဘီးယားနိုင်ငံ၌ လောင်စာဆီဈေးနှုန်းများကို လျှော့ချသွားမည်ဖြစ်ကြောင်း သတ္တုမိုင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ဓာတ်ဆီတစ်လီတာလျှင် နမီးဘီးယားငွေ ၁ ဒသမ ၂၀ ခန့် လျှော့ချသွားမည်ဖြစ်ပြီး ဒီဇယ်ဆီတစ်လီတာလျှင် နမီးဘီးယားငွေသုည ဒသမ ၆၅ ခန့် လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း အမျိုးသားလောင်စာဆီကော်ပိုရေးရှင်းအခွန်များကိုလည်း လျှော့ချသွားမည်ဖြစ်ကြောင်း သတ္တုမိုင်းနှင့်စွမ်းအင်ဝန်ကြီး တွန်အယ်ဝမ်ဒိုက ပြောကြားသည်။

နိုင်ငံတကာ လောင်စာဆီဈေးကွက်ကို လေ့လာပြီး ပြည်တွင်း လောင်စာဆီဈေးကွက် ရှင်သန်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ လောင်စာဆီဈေးနှုန်းများ ထပ်မံကျဆင်းရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ


၂၀၂၂ ခုနှစ် ဇွန် ၃ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရင်ပြင်နီ၌ ကျင်းပသော စာအုပ်ပွဲတော်သို့ တက်ရောက်လာသူများကို တွေ့ရစဉ်။

# ရုရှားနိုင်ငံက အမေရိကန်နိုင်ငံသား ၂၅ ဦးအား နိုင်ငံအတွင်း ဝင်ရောက်ခွင့် ထပ်မံပိတ်ပင်

မော်စကို စက်တင်ဘာ ၆

အမေရိကန်နိုင်ငံ၏ ရုရှားနိုင်ငံအား ဆန့်ကျင်သည့် စီးပွားရေးပိတ်ဆို့မှုများ တုံ့ပြန်သည့်အနေဖြင့် နောက်ထပ်အမေရိကန်နိုင်ငံသား ၂၅ ဦးအား ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ထပ်မံပိတ်ပင်တားမြစ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံက လက်ရှိနိုင်ငံအတွင်း ဝင်ရောက်ခွင့် ထပ်မံပိတ်ပင်တားမြစ်ကာ အမည်ပျက်စာရင်းတွင် ဖော်ပြခံခဲ့ရသည့် အမေရိကန်နိုင်ငံသားများထဲတွင် အမေရိကန်ကွန်ဂရက်မှ အဖွဲ့ဝင်များ၊ အဆင့်မြင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးဝန်ကြီး ဂီနာရိုင်မွန်ဒိုတို့လည်း ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံက နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပိတ်ပင်တားမြစ်ကာ အမည်ပျက်စာရင်း၌ ဖော်ပြခံခဲ့ရသည့် အမေရိကန်နိုင်ငံသား စုစုပေါင်း ၁၀၇၃ ဦးရှိကြောင်း ရုရှားနိုင်ငံ၏ တရားဝင်အချက်အလက်များက ဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ကမ္ဘောဒီးယားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ

ဖနောင်ပင် စက်တင်ဘာ ၆

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ မှတ်တမ်းများအရ သိရသည်။

နိုင်ငံအတွင်း ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အထည်ချုပ်လုပ်ငန်း၊ ဖိနပ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်ပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်း၊ ဆေးရုံလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနှင့် သီးနှံများထုပ်ပိုးရောင်းချသည့်လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခဲ့ခြင်းနှင့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအား အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုပမာဏများ များပြားလာခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်များအသင်းမှ တာဝန်ရှိသူ လမ်ဟန်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်းမှာပင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်နိုင်ခဲ့ကြောင်းနှင့် ပြည်တွင်းနှင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘောဒီးယားနိုင်ငံကို ဈေးကွက်ကောင်းအဖြစ် သတ်မှတ်ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၆၆ ဦးရှိလာ

ချန်ဒူး စက်တင်ဘာ ၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် လူဒင်ဒေသ၌ စက်တင်ဘာ ၅ ရက်က ဖြစ်ပွားခဲ့သော ၆ ဒသမ ၈ မဂ္ဂနီကျူးအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၆၆ ဦးရှိလာကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီအထိ ကာလအတွင်း ဂမ်ဇီတိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၌ သေဆုံးသူ ၃၈ ဦးနှင့် ယာအန်မြို့၌ သေဆုံးသူ ၂၈ ဦးရှိခဲ့ကြောင်း ဒေသဆိုင်ရာရှာဖွေကယ်ဆယ်ရေးဌာနချုပ်များက သတင်းထုတ်ပြန်ရေးအခမ်းအနားတွင် ပြောကြားသည်။

ယင်းငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ၁၅ ဦး ပျောက်ဆုံးကာ ၂၅၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ငါးဦးသည် စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# ကျုံပျော်မြို့နယ်၌ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန် ၁၁ မျိုးအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

ကျုံပျော် စက်တင်ဘာ ၆

ပြည်သူများစားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန် ၁၁ မျိုးတို့အား ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တေဇ



ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၈ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာသို့ ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဈေးရောင်း၊ ဈေးဝယ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကူညီကြပြီး အိမ်ထောင်စုပေါင်း ၁၀၀ အား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ရောင်းချရာတွင် အိမ်ထောင်စု တစ်စုအတွက် ဆင်းသုခဆန် တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် နှစ်ပြည်နှုန်း၊ ဆီ ၃၀ ကျပ်သားလျှင် ငွေကျပ် ၁၅၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀နှုန်းဖြင့် လေးလုံး၊ ဆားတစ်ထုပ်လျှင် ငွေကျပ် ၂၅၀၊ ကုလားပဲ ၁၀ ကျပ်သားလျှင် ငွေကျပ် ၃၀၀ နှင့် ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ခရမ်းသီး၊ ငါးခြောက်၊ လက်ဖက်ခြောက် စသည်များကို ဈေးနှုန်းချိုသာစွာဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျုံပျော်(ပြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ပြည်သူသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ဓနုဖြူ စက်တင်ဘာ ၆

ဧရာဝတီ တိုင်းဒေသကြီး ဓနုဖြူမြို့နယ် (၁၇)ရပ်ကွက်ရှိ မိဘဂုဏ်ရည် ဆန်စက်ရှေ့၌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ပြည်သူများအား အခြေခံ စားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယမန်နေ့နံနက် ၈ နာရီက စတင်ရောင်းချပေးလျက်ရှိသည်။




### ရောင်းချပေး

ထိုသို့ရောင်းချပေးရာတွင် ဓနုဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခမရ(၁၀၈)၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များ အသင်းနှင့် မိဘဂုဏ်ရည် ဆန်စက်မိသားစုတို့က ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ်၂၅၀၀၊ ကြက်ဥခြောက်လုံးလျှင် ငွေကျပ် ၁၀၀၀၊ အိုင်အိုဒင်းဆား တစ်ထုပ်လျှင် ငွေကျပ် ၂၀၀ နှုန်းနှင့် တပ်မတော်စက်ရုံမှ ထုတ်လုပ်သော ပစ္စည်းများအား ဓနုဖြူမြို့နယ်အတွင်းရှိ လူဦးရေ ၆၀၀ ခန့်အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သက်သာသော ဈေးနှုန်းဖြင့် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးခြင်းကို တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် တစ်ပတ်လျှင် နှစ်ကြိမ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မအူပင်မြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

မအူပင် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၂)ရပ်ကွက် ကန်လေးလုံးဘုန်းတော်ကြီးကျောင်းတိုက်အနီးတွင် ယနေ့နံနက်ပိုင်းက ဆန်၊ ဆီ၊ ဆားနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အမှတ်( ၁ / ၂ )ရပ်ကွက်နေပြည်သူများအား သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

### သွားရောက်ကြည့်ရှု

အဆိုပါ ဈေးရောင်းချပေးရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို အားပေးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆန်ကုန်သည်များနှင့် ဆီကုန်သည်များ စုပေါင်း၍



တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည် ငွေကျပ် ၃၀၀၀ နှုန်း၊ ဆီ ၅၀ ကျပ်သား ငွေကျပ် ၂၅၀၀ နှုန်း၊ ဆား ၅၀ ကျပ်သား ငွေကျပ် ၂၀၀ နှုန်း၊ ကြက်ဥ ခြောက်လုံး ငွေကျပ် ၁၀၀၀ နှုန်း၊ ဟင်းသီးဟင်းရွက်များနှင့် အသားငါးများကို ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများက လွတ်လပ်စွာလာရောက်ဝယ်ယူခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စာဖတ်သူလက်ဝယ်အရောက် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

ဘားအံ စက်တင်ဘာ ၆

ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းက အထက(ခွဲ-၂)ဘားအံ၊ ပြည်နယ် သစ်ထုတ်လုပ်ရေးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ စာအုပ်စာစောင်များ အခမဲ့ သွားရောက်ငှားရမ်းပေးခဲ့သည်။

ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်ပေါင်း ၂၅၀၀ ခန့် တင်ဆောင်၍ သင်တန်းကျောင်းများ၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ၊ အခြေခံပညာကျောင်းများသို့ အခမဲ့ငှားရမ်းပေးရာတွင် e-Library Management System Software အသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် တနင်္လာနေ့မှ သောကြာနေ့အထိ ငှားရမ်းပေးလျက်ရှိပြီး စာဖတ်ပရိသတ်တစ်ဦးလျှင် နှစ်အုပ်နှုန်းဖြင့် နှစ်ပတ်အထိ ငှားရမ်းဖတ်ရှုနိုင်ပြီး နှစ်ပတ်ပြည့်ပါက စာအုပ်အသစ်ဖြင့် လဲလှယ်ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နေ့စဉ်စာအုပ်စာစောင်ပေါင်း ၂၀၀ ခန့် ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်။

"ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ"
Lifelong First Aid Learning

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးမြို့၌ စီအိုင်ဒီ ရဲမှူးဆိုပြီး အရပ်သားနှစ်ဦးအား မှားယွင်းသတ်ဖြတ်"** ခေါင်းစဉ်ဖြင့် ၇-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်အကြောင်းပြ ဓားပြတိုက်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ရာ ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

ကြံခင်း စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးချမ်းစိုးနှင့် တာဝန်ရှိသူများက အချိန်မီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

### ကွင်းဆင်းစစ်ဆေး

ထို့နောက် ကျောက်ချောလမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်း လုပ်ငန်း ၁၄ ခုအား ငွေကျပ် ၁၆၈ သန်းဖြင့် လျာထားဆောင်ရွက်ခဲ့ရာ ရွှေတောင်စု (၆)လမ်းနှင့် ရွှေတောင်စု (၇)လမ်းတို့တွင် အလျား ပေ ၈၀၀၊ အနံ ၁၄ ပေ၊ အမြင့် ခုနစ်ပေစီရှိ ကျောက်ချောလမ်းကို ငွေကျပ် ၂၂ ဒသမ ၆၆ သန်းဖြင့် ဆောင်ရွက်နေမှုကို အမြန်ဆုံးပြီးစီးရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ်ရပ်ကွက်နေ မင်းသုခသည် ၎င်းအသုံးပြုသည့် "Min Thu Kha" Facebook အကောင့်နှင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဝယ်လန်းကျေးရွာနေ ဟိန်းကျော်ဖြိုး(ခ)ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Ko Phyo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတနော်မြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

ပန်းတနော် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်၍ ပြည်သူများသို့ အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၂၅၀၀၊ ကြက်ဥခြောက်လုံးလျှင် ငွေကျပ် ၁၀၀၀၊ အိုင်အိုဒင်းဆား တစ်ထုပ်လျှင် ငွေကျပ် ၂၅၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်များကို ပန်းတနော်မြို့နယ်အတွင်းရှိ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ်တွင် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးခြင်းကို တစ်ပတ်လျှင်သုံးကြိမ်အကြိမ်၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။



ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို ဆန်နှင့်စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

ကန်ကြီးထောင့် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အမှတ်(၁) ရပ်ကွက် လောကမှန်ကူဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ နတ်လမ်းအဝင်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှဦးစီး၍ မြို့ပေါ်အမှတ်(၁) ရပ်ကွက်မှ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု ၂၄၀ အား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ယနေ့နံနက် ၈ နာရီတွင် စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို ကန်ကြီးထောင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များကဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၅၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၅၀၊ အိုင်အိုဒင်းဆားတစ်ထုပ်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းဆန်နှင့် စားသောက်ကုန်ပစ္စည်းများအား စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင်လည်း အမှတ်(၂)နှင့် အမှတ်(၄) ရပ်ကွက်တို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

မဇင်(ပြန်/ဆက်)



## အုတ်ဖိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိ

အုတ်ဖို စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် လွှစင်ကျေးရွာမှ တောင်သူဦးတင်ရွှေ၏လယ်မြေ ကွင်းအမှတ် ၆၈၀ ဦးပိုင်အမှတ် ၂၈ ရှိ စိုက်ဧက ၁၀ ဧကတွင် ယနေ့နံနက် ၉ နာရီခန့်က ထိုင်းနံ့ကောက် မိုးစပါးစံကွက် ရိတ်သိမ်းခဲ့သည်။

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းနှင့် မြို့နယ် စိုက်ပျိုးညှိနှိုင်းမှု အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး ယခု ရိတ်သိမ်းခဲ့သည့် ထိုင်းနံ့ကောက်စပါး တစ်ဧကလျှင် ၁၀၀ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း၊ အုတ်ဖိုမြို့နယ်အနေဖြင့် မေလဆန်းပိုင်းမှ စတင်စိုက်ပျိုးခဲ့သည့် သက်လျင်အထွက်ကောင်း စပါးများမှ စိုက်ဧက ၁၅၀၀၀ ခန့်ကို စက်တင်ဘာလအတွင်း ရိတ်သိမ်းနိုင်ပြီဖြစ်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအထွက်နှုန်းများ ကြိုတင်ခန့်မှန်းသိရှိနိုင်စေရန်အတွက် မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို တစ်ဧကစံကွက် ဒသမ ၁၀ စံကွက်၊ ဒသမ ၀၀၁ စံကွက်များအား မိုးစပါးမျိုးခွဲအလိုက် ရိတ်သိမ်းလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



အောင်သူ(ပြန်ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက်က မိုးညိုမြို့နယ် မြို့မရပ်ကွက်ရှိ မြို့ဦးအောင်ဆုပန်စေတီတော်မြတ်ကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်ကျော်လွင်နှင့် မြို့မရဲစခန်းမှူးတို့ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုမင်း(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်

ရေတာရှည် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံပန်းသံဂဟေဆက်သင်တန်း အမှတ်စဉ် ၂/၂၀၂၂ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းကာလတွင် ကြိုးစားသင်ယူကြရန် ပြောကြားသည်။ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က တက်ရောက်လာသော သင်တန်းသား ၂၀ အတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းကာလမှာ ရက်၂၀ ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံရေး အသိပေးနှိုးဆော်ချက်

၁။ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

၂။ ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူ အသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဗိုလ်တထောင်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်သွားလာရေးလှုပ်ရှားမှု ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၆

ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါ ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်သွားလာရေးလှုပ်ရှားမှုကို ယနေ့ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ ဗိုလ်တထောင်မြို့နယ်ရှိ ဘိုကလေးဈေး ဈေးရောင်းဈေးဝယ်၊ လမ်းသွားလမ်းလာပြည်သူများအား မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အသိပညာပေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် (ပြန်/ဆက်) နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးရှိ ဈေးသည်များ၊ ဈေးသို့လာရောက်ဈေးဝယ်ကြသူများ၊ ဈေးရှေ့လမ်းသွားလမ်းလာနေကြသူများတွင် နှာခေါင်းစည်းတပ်ဆင်ထားခြင်း



မရှိပါက တစ်ခါသုံးနှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။ ထို့အပြင် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာရာတွင်လည်း နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်သွားလာစေရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လက်ပံတန်းမြို့နယ်ရှိ ကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

လက်ပံတန်း စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အသက် ၁၂ နှစ် မှ ၁၈ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအေးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်းသိရသည်။

အလားတူ ကျေးရွာကျောင်းများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၅၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၅ | ၂၅၁၅ | ၂၅၀၀ | ၂၄၈၀ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၅၀ | ၃၁၆၀ |
| 95 Ron | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၁၀ | ၂၅၉၀ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၁၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၅ | ၃၂၂၅ |
| HSD (500 ppm) | ၃၀၈၅ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၁၃၀ | ၃၁၅၅ | ၃၁၅၀ | ၃၁၂၀ | ၃၂၃၅ | ၃၂၂၅ | ၃၁၂၅ | ၃၁၃၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၇၀ | ၃၃၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၂၀ | ၃၂၁၅ | ၃၁၈၀ | ၃၂၁၅ | ၃၂၄၀ | ၃၂၃၅ | ၃၂၀၅ | ၃၃၂၀ | ၃၃၁၀ | ၃၂၁၀ | ၃၂၂၀ | ၃၂၅၅ | ၃၂၅၅ | ၃၂၅၅ | ၃၄၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၂၀ | ၃၂၁၅ | ၃၁၈၀ | ၃၂၁၅ | ၃၂၄၀ | ၃၂၃၅ | ၃၂၀၅ | ၃၃၂၀ | ၃၃၁၀ | ၃၂၁၀ | ၃၂၂၀ | ၃၂၅၅ | ၃၂၅၅ | ၃၂၅၅ | ၃၄၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၃၇ | ၂၄၁၇ |
| 95 Ron | ၂၄၄၅ | ၂၅၂၇ |
| HSD (500 ppm) | ၂၉၅၉ | ၃၀၄၈ |
| HSD (50 ppm) | ၃၀၃၉ | ၃၁၃၀ |
| HSD (10 ppm) | ၃၀၃၉ | ၃၁၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၄၃၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၅၅) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၆)ဦးအနက်(၁၁)ဦး(၇.၅၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး(၁၃၅)ဦး (၉၂.၄၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၉၄,၉၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၅,၈၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၈၄၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ(၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း အစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၁) ဦး | (၇.၅၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၃၅) ဦး | (၉၂.၄၇) % |
| **စုစုပေါင်း** | **(၁၄၆) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၆၄၃၁၇၂ | ၉၂၆၀၂၉၇၅ | ၁၀၇၂၉၇၈ |
| ၂။ | အိန္ဒိယ | ၄၄၄၆၆၈၆၂ | ၄၃၈၈၆၄၉၆ | ၅၂၈၀၃၀ |
| ၃။ | ပြင်သစ် | ၃၄၅၉၆၁၈၀ | ၃၄၀၈၆၀၆၃ | ၁၅၄၂၇၃ |
| ၄။ | ဘရာဇီး | ၃၄၅၂၅၄၃၈ | ၃၃၅၄၆၇၂၆ | ၆၈၄၅၀၃ |
| ၅။ | ဂျာမနီ | ၃၂၂၉၇၁၃၇ | ၃၁၅၀၈၄၀၀ | ၁၄၇၈၆၁ |
| ၆။ | တောင်ကိုရီးယား | ၂၃၇၀၆၄၇၇ | ၂၁၉၇၂၈၈၈ | ၂၇၁၉၃ |
| ၇။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၃၉၄၀၀ | ၁၈၈၂၄၂ |
| ၈။ | အီတလီ | ၂၁၉၄၄၈၇၇ | ၂၁၁၇၉၅၄၅ | ၁၇၅၈၇၂ |
| ၉။ | ရုရှား | ၁၉၈၀၉၆၁၃ | ၁၈၈၂၃၇၀၅ | ၃၈၄၈၈၂ |
| ၁၀။ | ဂျပန် | ၁၉၅၃၄၅၁၇ | ၁၇၉၄၀၈၇၆ | ၄၁၂၉၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၂၄၇၅၄ | ၁၀၂၃၇၉၇၁ | ၄၃၁၂၃ |
| ၂။ | အင်ဒိုနီးရှား | ၆၃၇၈၄၈၉ | ၆၁၈၂၆၆၁ | ၁၅၇၆၉၆ |
| ၃။ | မလေးရှား | ၄၇၉၂၉၄၂ | ၄၇၂၉၁၄၇ | ၃၆၂၄၉ |
| ၄။ | ထိုင်း | ၄၆၆၀၉၆၄ | ၄၆၁၄၀၂၅ | ၃၂၄၄၇ |
| ၅။ | ဖိလစ်ပိုင် | ၃၈၉၄၈၄၀ | ၃၈၀၉၄၅၀ | ၆၂၁၁၈ |
| ၆။ | စင်ကာပူ | ၁၈၄၇၂၇၀ | ၁၇၇၁၃၅၃ | ၁၅၉၆ |
| ၇။ | မြန်မာ | ၆၁၅၈၀၀ | ၅၉၃၈၄၈ | ၁၉၄၄၂ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၅၆၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၇၉၉ | ၁၃၄၅၃၂ | ၃၀၅၆ |

## ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းဖြန့်ဝေ

ပုသိမ် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပုသိမ်မြို့အဝင် ကိုးဆူစစ်ဆေးရေးဂိတ်၊ ပုသိမ်-ချောင်းသာ-ငွေဆောင်ကားလမ်းဆုံနှင့် ပုသိမ်-စိန်ကုန်း-ငွေဆောင်ကားလမ်းဆုံတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆိုင်းဘုတ်များ စုပေါင်းစိုက်ထူခဲ့ကြပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား သတ်မှတ်စည်းကမ်းများနှင့်အညီ မောင်းနှင်စေခြင်း၊ ဆိုင်ကယ်မောင်းနှင်သူများအား အရည်အသွေးပြည့်ဝသည့် ဦးထုပ်များအသုံးပြု၍ မေးသိုင်းကြိုးတပ်ဆင်စီးနင်းစေခြင်း၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ ပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်း ၂၁၀၀ ကို ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဖျာပုံ စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းလျက် ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းအစီအစဉ်ကို ယနေ့ နံနက် ၁၁ နာရီက ကျုံကျိုက်ကျေးရွာ အောင်ဇမ္ဗူဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးငွေမင်းထိုက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးနိုင်ဦးတို့က ဒေသလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ဖျာပုံမြို့နယ် ဆန်စက်၊ ဆန်ကုန်သည်များအသင်း၊ မြို့နယ်ဆီလုပ်ငန်းရှင်များအသင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့မှ အချုန်ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်း၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့် ရောင်းချပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ဒေသအခြေအနေနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ ၂၀၇



# သံတွဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်နည်းနှင့် ပိုးမွှားရောဂါကာကွယ်နည်းသင်တန်း ဖွင့်လှစ်

သံတွဲ စက်တင်ဘာ ၆

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုးစပါးစိုက်ပျိုးထုတ်လုပ်နည်းနှင့် ပိုးမွှားရောဂါကာကွယ်နည်းသင်တန်းကို ယနေ့ နံနက်ပိုင်းတွင် သံတွဲမြို့နယ် ရွှေလေ့ (Smart Village) ခေတ်မီစံပြကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သံတွဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မိုးမြင့်နှင့် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ထွန်းခိုင်နှင့် ခရိုင်ရုံးမှဝန်ထမ်းများက မိုးစပါးစိုက်ပျိုးထုတ်လုပ်နည်းနှင့် ပိုးမွှားရောဂါကာကွယ်နည်းများကို တစ်ရက်ကြာ သင်ကြားပို့ချပေးသည်။ သင်တန်းအပြီးတွင် သင်တန်းသားများအား စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စူပါဘိုကာချီ ထုတ်လုပ်ပုံအဆင့်ဆင့်အား လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

ငွေကြယ်

# ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေး

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်)ရုံးမှ ဝန်ထမ်းများသည် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးသို့ သွားရောက်၍ အခမဲ့ငှားရမ်းပေးခဲ့သည်။



ထိုသို့စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် ခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများက ဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ငှားရမ်းပေးပြီး ယခင်ငှားရမ်းထားသည့် စာအုပ်၊ စာစောင်များ၊ ပြန်လည်သိမ်းဆည်း စာရင်းသွင်းခြင်းနှင့် စာအုပ်၊ စာစောင်များ အသစ်ကို ပြန်လည်ငှားရမ်းပေးခဲ့ကြသည်။

ဥဏ်ဟိန်း




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## ဒုတိယဦးစီးမှူးရာထူး ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၀)နေရာအတွက် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ ခုံအမှတ်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁)ရကက-၀၀၄ | (၂)ရကက-၀၀၅ | (၃)ရကက-၀၀၉ | (၄)ရကက-၀၁၄ | (၅)ရကက-၀၁၆ |
| (၆)ရကက-၀၂၂ | (၇)ရကက-၀၂၄ | (၈)ရကက-၀၂၈ | (၉)ရကက-၀၃၃ | (၁၀)ရကက-၀၃၅ |
| (၁၁)ရကက-၀၃၇ | (၁၂)ရကက-၀၅၀ | (၁၃)ရကက-၀၅၃ | (၁၄)ရကက-၀၅၆ | (၁၅)ရကက-၀၆၁ |
| (၁၆)ရကက-၀၆၅ | (၁၇)ရကက-၀၆၈ | (၁၈)ရကက-၀၇၀ | (၁၉)ရကက-၀၇၃ | (၂၀)ရကက-၀၇၄ |

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများအားကွန်ပျူတာစစ်ဆေးခြင်းကို ၉-၉-၂၀၂၂ရက်(သောကြာနေ့) နံနက် ၀၉၃၀ နာရီတွင်လည်းကောင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို ၁၃-၉-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၀၉၃၀ နာရီတွင်လည်းကောင်း ဆောင်ရွက်ပါမည်။

၃။ သို့ပါ၍ ရေးဖြေစာမေးပွဲ အောင်မြင်သူများသည် ၈-၉-၂၀၂၂ ရက် (ကြာသပတေးနေ့)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ မပျက်မကွက် လာရောက်သတင်းပို့ရန် အသိပေးကြေညာပါသည်။

၄။ သိရှိလိုသည်များရှိပါက တယ်လီဖုန်းအမှတ်၊ ၀၁-၆၅၈၁၄၀၊ ၀၁-၆၅၈၁၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

### ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုမာဒေဝီ [၁/မကန (နိုင်)၁၃၁၀၃၆]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၆၁၈၈၄၉၇၇

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အင်ခွမ်ရှောင်ထွယ်အောင် [၁/မကန(နိုင်)၂၄၂၆၁]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၅၁၄၂၃၂၇၈

### အမည်မှန်

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်နေ အဖ ဦးအောင်နိုင်ဦး၏သား မောင်မုန်ထွယ်အောင်၏ အမည်မှန်မှာ မောင်မျိုးမြင့်အောင် [၁/မကန(နိုင်)၂၄၅၉၉၅] ဖြစ်ပါသည်။

### "ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃ(၆)လမ်း၊ မြေကွက်အမှတ်(၆၅၇/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်လွှာချင်း(၆)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်၊ (၂)လွှာ၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

အထက်ပါတိုက်ခန်းသည် ကန်ထရိုက်တာ ဒေါ်မာလာနွယ် [၁၂/တမန(နိုင်)၁၀၃၇၁၉] ကိုင်ဆောင်ထားသူက တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနွယ်စိုးနှင့် ဒေါ်တင်တင်လှတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၃၅၆၆၈**

# ဥတုရာသီ တောကို မှီ၏

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ရွှေနံ့သာအနောက်ရပ်၊ မြေရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၄၅၂)၊ ဒေါ်သိန်း၊ အဖအမည် ဦးကျော်ရင် [၉/ပမန(နိုင်)၁၁၀၁၄၈]အမည်ပေါက် ပါမစ်မြေကွက်ကိုဒေါ်ရီရီနွဲ့၊ အဖအမည် ဦးကျော်သန်း [၈/ဆဖန(နိုင်)၀၅၉၁၂၉]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်း/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ်(၅၈၇-ခ)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးသိန်းရွှေ (MUN-၀၈၂၆၉၆) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်ကြသည့် ၁။ ဒေါ်အုန်းတင် [၁၂/ဥကတ(နိုင်)၀၃၃၆၄၃] ၂။ ဒေါ်အုန်းသန်း [၁၂/ဥကတ(နိုင်)၀၃၄၀၀၆] ၃။ ဒေါ်လှလှရွှေ [၁၂/ဥကတ(နိုင်)၁၃၂၄၁၈] ၄။ ဒေါ်နုနုဝင်း [၁၂/သကတ(နိုင်)၁၇၃၁၂၀]တို့မှ အမွေဆက်ခံပိုင်ဆိုင်လာကြပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**
**အမှတ်(၄၈)၊ မြေညီထပ်၊ စက်တွင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-428022384၊ 09-765545454၊ 09-798233825**
**Facebook page: 54 Real Estate Company Limited**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ဖြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့မသမာမှုလုပ်ဆောင်ခြင်း စတာတွေ ပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုတွေဟာ နိုင်ငံရဲ့ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

# The 7th Eastern Economic Forum-2022 သို့ တက်ရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အလံများကို International Space Station (အာကာသ)တွင် ချိတ်ဆွဲဂုဏ်ပြု



**နေပြည်တော် စက်တင်ဘာ ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၇)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022) သို့ ပါဝင်တက်ရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များကို ဂုဏ်ပြုသောအားဖြင့် အဆိုပါ နိုင်ငံအလံများကို International Space Station (အာကာသ)တွင် ရုရှားအာကာသယာဉ်မှူးများက ချိတ်ဆွဲဂုဏ်ပြုခဲ့ကြောင်း သိရှိရသည်။

**ပါဝင်တက်ရောက်**

စက်တင်ဘာ ၇ ရက်တွင် ပြုလုပ်မည့် (၇)ကြိမ်မြောက်အရှေ့ဖျား စီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session သို့ ရုရှားသမ္မတဗလာဒီမာပူတင်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**

**ချိတ်ဆွဲဂုဏ်ပြု**

**The 7th Eastern Economic Forum–2022 သို့ တက်ရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အလံများကို International Space Station (အာကာသ)တွင် ချိတ်ဆွဲဂုဏ်ပြုထားစဉ်။**



## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေးတစ်စီးကို ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး ဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

**ယနေ့ ဖတ်စရာ**



**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၆၆ ဦး ရှိလာ**

စာမျက်နှာ » ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၉၄၃၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၇